# ရတနာပုံ နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၃)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ၂၄-၈-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား စစ်ဆေး၊ တောင်ငူမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ် အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု များကို စစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက် ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေး စကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ အညွှန်း


အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၁၂

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ် ၁၀ မြို့နယ်ရှိ မိုးမြေပဲစိုက်တောင်သူများအတွက် လိုအပ်သည့် သွင်းအားစု ပံ့ပိုးပစ္စည်းများ ဖြန့်ဖြူးပေးထား — စာမျက်နှာ ၁၅


## နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၃ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ စနေနေ့။

မန္တလေး

## သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ ပေးလျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ယွန်း၊ ရက်ကန်း၊ စက်မှုလက်မှု၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ဆိုင်ရာနည်းပညာသင်တန်းများကို သင်ကြားပို့ချပေးခြင်း၊ လုပ်ငန်းထူထောင်နိုင်အောင် ဆောင်ရွက်ပေးပြီး ထွက်ရှိလာသော ကုန်ပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပေးခြင်း၊ စနစ်တကျလုပ်ငန်းမှတ်ပုံတင်ပေးခြင်း၊ ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

ယခင် ဘဏ္ဍာနှစ်၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကျေးရွာ (၁၅၁)ရွာ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းရှင် (၇၅၅)ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ လုပ်ငန်းတိုးတက်မှုရှိအောင် စနစ်တကျကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း(၂၂၁)ရွာကို ရွေးချယ်၍ ဒေသအလိုက် ပေါများစွာထွက်ရှိသော ကုန်ကြမ်းများအပေါ်မူတည်ပြီး ဒေသခံများ၏ လိုအပ်ချက်အရ သင်တန်းအမျိုးအစားများကို ရွေးချယ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ယခုဘဏ္ဍာနှစ်၌ မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို ကျေးရွာပေါင်း(၂၉)ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့အချိန်အထိ ကျေးရွာ (၁၃)ရွာ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ဝန်ပြန်ကျေးရွာ၌ ဖွင့်လှစ်သည့် သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားအောင် အိုးမကွာ၊ အိမ်မကွာဖြင့် ဆောင်ရွက်လိုသူများ၊ ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းမရှိသည့် လူငယ်လူရွယ်များ၊ လုပ်ငန်းထူထောင်လိုသော်လည်း ငွေကြေးအရင်းအနှီးနှင့် နည်းပညာလိုအပ်သူများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ သင်ကြားပေးပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်၍ နိုင်ငံတော်အတွက် MSMEs ကုန်ထုတ်လုပ်ငန်းများ အားကောင်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာစီမံကိန်းအောင်မြင်အောင် ဆောင်ရွက်လာနိုင်ခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ထွန်းကားလာစေပြီး ဒေသခံပြည်သူများ၏ မိသားစုဝင်ငွေများ တိုးပွားလာမည်ဖြစ်သည်။ သွင်းကုန်အစားထိုး ထုတ်လုပ်လာနိုင်သည့်အတွက် နိုင်ငံခြားသုံးငွေသုံးစွဲမှုကို လျော့ချနိုင်မည်ဖြစ်ပြီး ပြည်သူများ ဈေးနှုန်းချိုသာ၍ အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ထုတ်ကုန်ပစ္စည်းများကို သုံးစွဲလာနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ဝန်ထမ်းများအား စားသောက်ကုန်များ ပေးအပ်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်ထောက်ပံ့ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်း၊ ဒုတိယဌာနမှူး ဦးဖြိုးဇော်ငြိမ်း၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများ၊ ရုံးအဖွဲ့၊ ပျိုးဌာနခွဲ၊ အထူးလုပ်ငန်းဌာနခွဲတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဌာနမှူးက အဖွင့်အမှာစကားပြောကြားပြီး ဌာနမှူးက ပျိုးဌာနခွဲမှ ဝန်ထမ်းများကိုယ်စား ဌာနခွဲမှူးအား လည်းကောင်း၊ ဒုတိယဌာနမှူးက အထူးလုပ်ငန်းဌာနခွဲမှ ဝန်ထမ်းများကိုယ်စား ဌာနခွဲမှူးအား လည်းကောင်း အသီးသီးပေးအပ်၍ ဌာနမှူးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းသည်။



ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနရှိ ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်ထောက်ပံ့ရာတွင် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြာဆံ၊ ငါးခြောက်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ကျောက်ဆည်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**စဥ့်ကိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ တောမကျေးရွာရှိ ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်ပေါင်းစုံ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ပြပွဲ၊ ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပပြုလုပ်ရာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦး၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဌာနမှူးများ၊ ကထိကများ၊ အထူးပြုဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**(အောက်ပုံ)**



အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး နံရံကပ်စာစောင်ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်မြင့်ရီက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဖိတ်ကြားထားသော အကဲဖြတ်အဖွဲ့များဖြစ်သည့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှ ဌာနမှူးများ၊ ကထိကများ၊ အထူးပြုဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများက ပြခန်းများကို လှည့်လည်ကြည့်ရှု အကဲဖြတ်အားပေးခဲ့ကြကြောင်း သိရသည်။

**(၃၆၆)**

## ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းဝင်များ သက်သာချောင်ချိရေးဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် ၂၂ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းဝင်များ၏ သက်ချောင်ချိရေးအနေဖြင့် ဆန်နှင့် ဆီ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါအသင်းတွင် ကျင်းပသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးဘကြည်က အသင်းဝင်များအား တစ်ဦးလျှင် ဆန် ၃ ပြည်နှင့် ဆီငါးဆယ်ကျပ်သား ထောက်ပံ့ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးအောင်သိန်း၊ အဖွဲ့ဝင် ဦးဗိုလ်အေး၊ ဆိုင်တာဝန်ခံ ဒေါ်တင်မာရီတို့က အသင်းဝင်များနှင့် အောင်မြေသာစံမြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများအတွက် ဆန်နှင့် ဆီတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဓါပုံ)**



ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်၊ ဦးစီးမှူး ဦးနေထွန်းမင်းနှင့် အသင်းဝင်များက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၈၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ အများပြည်သူသွားလာလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများ၊ တံတားများနှင့် မီးရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲလျက်ရှိမှုအခြေအနေများနှင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အများပြည်သူလုံခြုံရေးနှင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းကွင်းဆက်များအားဖော်ထုတ်၍ အကြမ်းဖက်မှုလုပ်ရပ်များ လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည်တောင်ငူမြို့ရှိနယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအား မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

## အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်းထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



❖ စာမျက်နှာ ၂၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အဓိကအားဖြင့် တောင်ငူမြို့ရိုးနှင့် ကေတုမတီနန်းတော်ရာပြန်လည်တည်ဆောက်ရေး အတွက် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကေတုမတီ မြို့ရိုးသည် ပြန်လည်ဖော်ထုတ်သင့်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခု ဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ အထောက်အထားသေချာသည့်နေရာများကို ပြန်လည်ဖော်ထုတ် သွားရန်လိုကြောင်း၊ အလားတူ မြို့ကွက်သစ်များ ဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာ အဆောက်အအုံများကို ဦးစွာ ပြောင်းရွှေ့သွားရန်လိုကြောင်း၊ ကေတုမတီနန်းတော်ရာနှင့်ပတ်သက်ပြီး အတည်ပြု၍ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်း ဆောင်ရွက်သွားရန်လိုကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့လေးခံတပ်နေရာတွင် ကြည့်ရှုစစ်ဆေးစဉ်။

အဆောက်အအုံများ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ တောင်ငူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီစေရေး ဆောင်ရွက် သွားရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ထုတ်ရာတွင်လည်း စနစ်တကျဖော်ထုတ်ရန်လိုကြောင်း၊ လူနေရပ်ကွက်များရှိ အိမ်ခြံမြေများအတွင်း သစ်ပင်များ စိုက်ပျိုးရန်နှင့် လမ်းဘေးဝဲ၊ ယာများတွင် သစ်ပင်များစိုက်ပျိုး၍ စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများ ဖောက်လုပ်ရာတွင်လည်း လူသွားပလက်ဖောင်းများကို အမှန်တကယ် အသုံးပြုနိုင်သည့် လမ်းများဖြစ်အောင် ဆောက်လုပ်ရန်လိုကြောင်း၊ မြို့ကွက်သစ်တည်ဆောက်ရာတွင် လူနေမှုအဆင့်နှင့် လျော်ညီသည့် ဆေးရုံ၊ ကျောင်း၊ မီးသတ် အဆောက်အအုံများ၊ ဈေးများနှင့် ဌာနဆိုင်ရာ အဆောက်အအုံများကို စနစ်တကျဖြင့် တွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း။

ခပေါင်းဆည်မှရရှိသည့် ရေများကိုလည်း စနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့်

*** ကေတုမတီမြို့ရိုးသည် ပြန်လည်ဖော်ထုတ်သင့်သည့် ရှေးဟောင်း အမွေအနှစ် တစ်ခုဖြစ်ကြောင်း၊ သမိုင်းကြောင်းအရ အထောက်အထားသေချာသည့်နေရာများကို ပြန်လည်ဖော်ထုတ်သွားရန်လိုကြောင်း၊ အလားတူ မြို့ကွက်သစ်များဖော်ထုတ်ခြင်းနှင့် ရွှေ့ပြောင်း၍ရသည့် အစိုးရရုံးဌာနဆိုင်ရာ အဆောက်အအုံများကို ဦးစွာပြောင်းရွှေ့သွားရန် လိုကြောင်း၊ ကေတုမတီ နန်းတော်ရာနှင့်ပတ်သက်ပြီး အတည်ပြု၍ ရသည့်နေရာများ၊ ဘုတ်တလုတ်ကန်နေရာများကို ပြန်လည်ဖော်ထုတ်ရာတွင် ရှေးဟောင်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန်လို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံးနေရာရှိ ယိုးဒယားပေါက်နေရာတွင် ကြည့်ရှုစစ်ဆေးစဉ်။

တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူး-တောင်ငူ မီးရထားလမ်းပိုင်းကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက မကြာခဏ မိုင်းထောင်ဖောက်ခွဲခြင်းများ ရှိသကဲ့သို့ ပညာသင်ကြားရေးဖြစ်သည့် စာသင်ကျောင်းများကိုလည်း နှောင့်ယှက်မှုများ ပြုလုပ်လျက် ရှိကြောင်း၊ ပညာသင်ကြားရေးနှင့် ပတ်သက်၍ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးနှင့် KG + 12 အောင်မြင်ပြီးသူများ အနေဖြင့်လည်း တက္ကသိုလ်၊ ကောလိပ်များသို့ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် ယာယီပိတ်ထားခဲ့ရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားကျောင်းသူများ အတန်းပညာ အမှန်တကယ် တတ်မြောက်စေရေး အချိန်ပိုသင်ကြား ဆောင်ရွက် ပေးရန်လိုကြောင်း၊ အမှန်တကယ် စာတတ်အောင် သင်ကြားပေးမည်ဆိုပါက အနာဂတ်နိုင်ငံ၏ ပညာရေးမှာ များစွာ တိုးတက် လာမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရည်မြင့်မားလာစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်နေရန် လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီးရထားလမ်းကြောင်းသစ် တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးစဉ်။

စိုက်ပျိုးရေးနှင့် ပတ်သက်၍ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးမြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ အနည်းဆုံးနှစ်သီးမှ သုံးသီးအထိ သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

စီးပွားရေး တိုးတက်လာပါက နိုင်ငံရေးကောင်းလာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံ့အရေးများ ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ အသားငါးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးများကို အဓိကစားသုံးကြသည်ကိုတွေ့ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် မွေးမြူ ဆောင်ရွက်သွားမည်ဆိုပါက အသား၊ ငါးများ ပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ပြီး ပညာရေးများ ကောင်းမွန်လာမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်ငူဒေသနှင့် မိတ္ထီလာဒေသသည် နေပြည်တော်နှင့် လက်လှမ်းမီသည့် နေရာများဖြစ်ပြီး မြန်မာနိုင်ငံ၏ အချက်အချာနေရာများ ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း အရှေ့ဘက်ကျုံး နေရာရှိ ယိုးဒယားပေါက်နေရာ၊ အနောက်ဘက် မြို့ရိုးနေရာရှိ မြို့ရိုးတူးဖော် ထိန်းသိမ်းထားရှိမှုနှင့် ရေကျုံးနေရာ၊ မြို့ရိုး အရှေ့တောင်ထောင့်ရှိ မြို့လေးခံတပ်နေရာနှင့် မြို့ရိုးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရှေးဟောင်းမြို့ရိုးနှင့်ကျုံးတူးဖော်သုတေသနပြုလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့ရိုးအောက်ခြေဖောင်ဒေးရှင်း အုတ်ရိုးများကို ဖော်ထုတ်၍ အုတ်ရိုးအတိုင်း လိုက်ကာမြို့ရိုးကိုဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ မြို့ဟောင်းအဝင်တံတားပုံစံများကိုလည်း ပြန်လည်ဆန်းစစ်ဖော်ထုတ် လေ့လာသွားရန်လိုပြီး တည်ဆောက်၍ရနိုင်သည့် နေရာများတွင်ဦးစွာတည်ဆောက်သွားရန်လိုကြောင်း၊ ဘုတ်တလုတ်ကန်ကိုလည်း ပြန်လည် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မြို့ရိုးဖော်ထုတ်ရေး လုပ်ငန်းကို အဓိကဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူဘူတာမှ သောင်းတိုင်ကုန်းဘူတာအကြားအထိ RBE အထူးရထားတွဲဖြင့် လိုက်ပါစီးနင်း၍ တောင်ငူဘူတာရုံ (အသစ်) တည်ဆောက်မည့် နေရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူ - ရေတာရှည် ရထားလမ်းပိုင်း တစ်လျှောက် လိုက်ပါစီးနင်း၍ ရထားလမ်းပိုင်း ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တောင်ငူဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၂၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှူထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ရှေးဦးလမ်းပြ အားကစားနည်း**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြေးခုန်ပစ် အားကစားနည်းသည် မျက်မှောက်ခေတ်ကာလအားကစားပြိုင်ပွဲကြီးများတွင် အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့်အပြင် လူသားတို့၏စွမ်းရည်ကိုဖော်ထုတ်ပြသရာ ရှေးဦးလမ်းပြ အားကစားနည်းလည်းဖြစ်ပါကြောင်း၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲအပါအဝင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကဲ့သို့ အားကစားပြိုင်ပွဲကြီးများတွင် ရွှေတံဆိပ် စုစုပေါင်း ၄၀ ကျော် ချီးမြှင့်လေ့ရှိသည့် အားကစားနည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုမြင့်မားစေရန်အတွက် ပြေးခုန်ပစ် အားကစားနည်းတွင် အောင်မြင်မှုရရှိရန် အသက်သွေးကြောပမာ အရေးကြီးပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်က မြန်မာ့အားကစားကဏ္ဍကို အစွမ်းကုန်အားပေးချီးမြှောက်နေသည့်အချိန်တွင် အားကစားသမားများအနေဖြင့် အောင်မြင်လိုသည့်စိတ်ကို အခြေခံကာ လုံ့လဝီရိယဖြင့် အားထုတ်ကြိုးပမ်းသင်ယူလေ့ကျင့်ပြီး ယခုပြိုင်ပွဲတွင် မိမိတို့၏ အစွမ်းအစ အရည်အသွေးကို ဖော်ထုတ်ပြသကြစေလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲမှတစ်ဆင့် နိုင်ငံတော်က အားထားရပြီး တိုင်းတစ်ပါးမြေတွင် အမိမြန်မာနိုင်ငံတော်၏ အလံကိုတိုင်ထိပ်ရောက်အောင် လွှင့်ထူနိုင်စွမ်းရှိကြသည့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ပြေးခုန်ပစ်အားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားရင်း ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ မိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

**လိုက်လံနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင် ပြေးခုန်ပစ်အားကစားသမားဟောင်း ဒေါ်ဂျနီဖာတင်လေးက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ် ၁၄ ခုအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစားလှုပ်ရှားမှုများပြခန်းတွင် မှတ်တမ်းတင် ထိန်းသိမ်းထားရှိရန်အတွက် ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အားကစားနည်းများအလိုက် ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် အမျိုးသား/ အမျိုးသမီး (မီတာ ၄၀၀၊ ၁၀၀ x ၄ လက်ဆင့်ကမ်းနှင့် တန်းမြင့်ခုန်)ပြိုင်ပွဲများ၊ အမျိုးသား (မီတာ ၁၀၀၀၀ လမ်းလျှောက်နှင့် မီတာ ၃၀၀၀) ပြိုင်ပွဲများ၊ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် အမျိုးသား/ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲများ၏ လူရွေးပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ (အမျိုးသား) မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၌ ၂၀၀၆ ခုနှစ်တွင် ပြည့်ဖြိုးထွန်း(ရန်ကုန်တိုင်းဒေသကြီး)တင်ထားသော စံချိန် ၄၉ မိနစ် ၂၁ ဒသမ ၀၃ စက္ကန့်အား သန့်ဇင်အောင်(ရှမ်းပြည်နယ်)က ၄၈ မိနစ် ၄၈ ဒသမ ၁၄ စက္ကန့်နှင့် နိုင်လင်းထွန်း(ရှမ်းပြည်နယ်)က ၄၇မိနစ် ၅၁ ဒသမ ၁၅ စက္ကန့်ဖြင့် လည်းကောင်း(အမျိုးသမီး) သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် နန်းအွမ်ဆိုင်ခမ်း(ရှမ်းပြည်နယ်)သည် ၂၀၁၉ ခုနှစ်တွင် မူကိုဖော(ကယားပြည်နယ်)တင်ထားသော စံချိန် ၃၅ ဒသမ ၀၈ မီတာထက် သာလွန်၍ စံချိန် ၃၆ ဒသမ ၅၅ မီတာဖြင့် လည်းကောင်း စံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီခွဲမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁)တို့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ်(အမျိုးသမီး) မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး (ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ မီတာ ၈၀၀ ပြိုင်ပွဲ၊ မီတာ ၂၀၀ ပြိုင်ပွဲနှင့် မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ)၊ (အမျိုးသမီး) မီတာ ၂၀၀၀ တားဆီးကျော်အပြေးပြိုင်ပွဲတို့ကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများက အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေး၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ပြေးခုန်ပစ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်များဖြင့် ဩဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁) တို့တွင် ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း၁၅သင်း၊အမျိုးသမီးအသင်း ၁၅ သင်း စုစုပေါင်း အင်အား ၄၅၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများ အနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၃

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ် အဖွဲ့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ဗဟိုဌာနၥ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ် ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ဦးခွန်ဥက္ကာ၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော်(DKBA)မှ ဗဟို ဆက်ဆံရေးဌာနမှူး စောကျော် သန်းဌေး၊ KNU/KNLA ငြိမ်းချမ်း ရေးကောင်စီမှ ဗဟိုအလုပ်အမှု ဆောင်ကော်မတီဝင် စောမောင် မောင်၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)မှ ဒုတိယ ဥက္ကဋ္ဌ ကျာဖူး၊ မွန်ပြည်သစ်ပါတီ (NMSP)မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)မှ တွဲဖက် အထွေထွေ အတွင်းရေးမှူး(၁) ခွန်မင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ် များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်**

**စကားများပြောကြား**

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုး သား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တက်ရောက်လာကြသည့် NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများကိုယ်စား ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းတို့က နှုတ်ခွန်း ဆက်စကားများ ပြောကြားကြ သည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

ယင်းနောက်အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲ ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးမှု အကူ အညီပေးအပ်နိုင်ရေး ကိစ္စရပ်တို့ နှင့်ပတ်သက်၍ နှစ်ဖက်အပြန် အလှန် ဆွေးနွေးညှိနှိုင်းကြသည်။ ယင်းနောက် တက်ရောက်လာကြ သည့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ရခိုင် ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုပြုလုပ်

နေပြည်တော် ဩဂုတ် ၂၃

အမျိုးသား စည်းလုံးညီညွတ် ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့သည် ယနေ့မွန်းလွဲ ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ဗဟိုဌာနၥ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေး သည်။

ယင်းတွေ့ဆုံ ဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ NCA လက်မှတ် ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးပွဲ တွင် အမှာစကားပြောကြားစဉ်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ် ကြီး ထွန်းထွန်းနောင်က လည်း ကောင်း၊ NCA လက်မှတ်ရေးထိုး ထားသော တိုင်းရင်းသားလက်နက် ကိုင် အဖွဲ့အစည်းများကိုယ်စား ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်း က လည်းကောင်း၊ နိုင်ငံရေးပါတီ များအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စား ရခိုင့်ဦးဆောင်ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က လည်းကောင်း နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က တွေ့ဆုံ ဆွေးနွေးပွဲဆိုင်ရာ အကြောင်း အရာများကို ရှင်းလင်းပြော ကြားပြီး တက်ရောက်လာကြသူ များက ရွေးကောက်ပွဲကျင်းပရေး ဆိုင်ရာကိစ္စရပ်များ၊ လက်ရှိ ပကတိဖြစ်ပေါ်နေသည့် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ရာတွင် ရွေးကောက်ပွဲအောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတည်ငြိမ် အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်စေလိုသည့် အခြေအနေများ၊ တိုင်းရင်းသား လက်နက်ကိုင် ဒေသများအတွင်း ရွေးကောက်ပွဲများ ကျင်းပပြုလုပ် ရာ၌ လိုအပ်သည့် ပူးပေါင်းမှုများ ဆောင်ရွက်ပေးနိုင်မည့် အခြေ အနေများနှင့်ပတ်သက်၍ မိမိတို့ ၏သဘောထား အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြ သည်။

ထို့နောက် အမျိုးသား စည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကျေးဇူးတင် စကားပြောကြားကာ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူး ခဲ့ကြပြီး သုံးပွင့်ဆိုင် တွေ့ဆုံ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။ **သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးသင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မမ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မီမီစိုးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အဆိုပါ ပြိုင်ပွဲအား ပြည်သူလူထုအနေဖြင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုစိတ်ဝင်စား၍ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် အာဟာရပညာကို လိုက်နာကျင့်သုံးခြင်းဖြင့် မြန်မာနိုင်ငံသားများအားလုံး ကျန်းမာကြံ့ခိုင်အသက်ရှည်စွာ နေထိုင်နိုင်ပြီး ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ပြိုင်ပွဲဝင်များ၏ အစားအစာရွေးချယ်ထားမှု၊ မီးဖိုချောင်သုံးပစ္စည်းများ သန့်ရှင်းမှုစသည့် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း၊ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်ခရိုင် ၉ ခုမှ ဆုရရှိသည့် ခရိုင်များကို ဆုများချီးမြှင့်ရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မမနှင့် တာဝန်ရှိသူများက ပထမဆုရ မိတ္ထီလာခရိုင်၊ ဒုတိယဆုရ တံတားဦးခရိုင်၊ တတိယဆုရ မဟာအောင်မြေခရိုင်နှင့် အထူးဆုရရှိသည့် ခရိုင်များကို ဂုဏ်ပြုဆုငွေများနှင့် အကဲဖြတ်ဒိုင်အဖွဲ့တို့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**












# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော



**မန္တလေး ဩဂုတ် ၂၃**

မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၄)ရပ်ကွက်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို အဆိုပါ ရပ်ကွက် လမ်း ၅၀၊ ၁၂၄ လမ်းနှင့် ၁၂၅ လမ်းကြားရှိ ရွာလယ်မွှာရုံ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူး ကျော်သူထွန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား(၃၀၀)ခန့် တက်ရောက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၀၅၃)

# မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**မြစ်သား ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါကျောင်း ကျန်စစ်သားခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်က အဖွင့်အမှာစကားပြောကြားသည်။ ဆုချီးမြှင့်ရန်ပံ့ငွေအတွက် ငွေပဒေသာပင်စိုက်ထူထားသော အလှူရှင် မိသားစုကိုယ်စား အငြိမ်းစား ဆရာမကြီး ဒေါ်ခင်နန်းမြင့်က ထပ်ဆင့်အမှာစကားပြောကြားခဲ့ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဂုဏ်ထူးရရှိအောင် ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ၆ ဂုဏ်ထူးရှင် မစ္စန်အိဖြူ၊ ၂ ဘာသာဂုဏ်ထူးရှင် မဝင့်ကြယ်စင်မှူးနှင့် ၁ ဘာသာဂုဏ်ထူးရှင် မောင်မြတ်နိုးအောင်တို့အား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။**သီတာအောင်(မြစ်သား)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း စက်ရေတွင်းများမှ ရေသန့်များ ကျုံးအတွင်း ဖြည့်သွင်းပေးနေမှု ကြည့်ရှုစစ်ဆေး၊ မူလစီမံကိန်းကာလထက် စောၡပြီးစီး ရပ်ကွက်များသို့ သောက်သုံးရေ ဖြန့်ဝေပေးမည်



**မန္တလေး ဩဂုတ် ၂၃**

မန္တလေးနန်းမြို့ကျုံးအတွင်းသို့ ဆည်တော်ကြီးဆည်ရေဇူလိုင် ဒုတိယပတ်မှ စတင်၍ ဝင်ရောက်မှုမရှိတော့သဖြင့် ပြည်သူလူထုအတွက် နေ့စဉ်ဖြန့်ဝေပေးနေသည့် ကျုံးရေဖြည့်တင်းရေးအတွက် တိုင်းဒေသကြီးအစိုးရအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအား ကျုံးရေဖြည့်တင်းပေးရေး၊ ငါးများပြောင်းရွှေ့ရေးကိစ္စများအတွက် အစီအစဉ်များ ရေးဆွဲရန် ကျုံးရေဖြည့်သွင်းရေးစီမံကိန်းလုပ်ငန်းစဉ်များအား (၂၅-၇-၂၀၂၄)ရက်နေ့တွင် စတင်ဆောင်ရွက်စေခဲ့သည်။

ကျုံးရေဖြည့်တင်းရေးအတွက် ကမ်းနားလမ်းအမှတ်(၈) ရေတွန်းစက်ရုံမှ မန္တလေးတောင်ပေါ်သို့ အချင်း ၁၂ လက်မ ပိုက်လိုင်းဖြင့် တင်ပို့ပေးနေသည့် ရေပိုက်လိုင်းမှ လမ်း ၈၀ နှင့် ၁၀ လမ်းထောင့်မှတစ်ဆင့် အရှည် ပေ ၁၈၂၀ ရှိ အချင်း ၁၂ လက်မ ပိုက်လိုင်းသစ် ထပ်မံဖောက်ထုတ်ဆက်သွယ်၍ ကျုံးအတွင်းသို့ ရေသွင်းခြင်းနှင့် မူလရှိပြီး အချင်း ၈ လက်မ ပိုက်လိုင်းများဖြင့် လမ်း ၈၀ နှင့် ၁၂ လမ်းထောင့် ကျုံးရေပြင်အတွင်းသို့ ဧရာဝတီမြစ်ရေ ဖြည့်သွင်းခြင်းလုပ်ငန်းကို (၂၆-၇-၂၀၂၄)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး (၁-၈-၂၀၂၄)ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျုံးအတွင်းသို့ နေ့စဉ် နာရီ ၂၀ ရေတွန်းစက်ရုံအမှတ်(၈)မှ ရေဂါလန် ၂ သန်းအား အလှည့်ကျမောင်းနှင်၍ ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် တစ်ပြိုင်တည်း အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ စာတိုက်ကြီးရေပေးရေးဝင်းအတွင်း၌ အချင်း ၁၂ လက်မ မြေအောက်အဝီစိတွင်း စက်ရေတွင်းသစ် ၄ တွင်းအား တူးဖော်ခြင်းလုပ်ငန်းကိုလည်း ရေကြောအနက် ၂၅၀ ပေမှ ၁ အတွင်း၊ ၃၅၀ ပေမှ ၂ အတွင်း၊ ၅၅၀ ပေမှ ၁ တွင်း၊ စုစုပေါင်း ၄ တွင်း တူးရန် တိုင်းဒေသကြီး အစိုးရအနေဖြင့် အရေးပေါ်အခြေအနေအရ တူးရန် ခွင့်ပြုပေးခဲ့၍ (၂၈-၇-၂၀၂၄) ရက်နေ့မှ စတင်၍ တွင်းတူးစက်ဖြင့် နေ့၊ ည တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အချင်း ၁၂ လက်မ၊ အနက်ပေ ၃၅၀ ရှိ စက်ရေတွင်းအမှတ်(၃) ကို (၁၂-၈-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ အချင်း ၁၂ လက်မ၊ အနက်ပေ ၂၅၀ ရှိ စက်ရေတွင်းအမှတ်(၂) ကို (၁၄-၈-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ အချင်း ၁၂ လက်မ၊ အနက်ပေ ၃၅၀ ရှိ စက်ရေတွင်းအမှတ်(၅) ကို (၁၈-၈-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ အချင်း ၁၂ လက်မ၊ အနက်ပေ ၅၅၀ ရှိ စက်ရေတွင်းအမှတ်(၄)ကို (၂၂-၈-၂၀၂၄)ရက်နေ့တွင်လည်းကောင်း အောင်မြင်စွာ တူးဖော်ဆောင်ရွက်နိုင်ခဲ့ပြီး အသစ်တူးဖော်ပြီးစီးခဲ့သည့် စက်ရေတွင်း ၄ တွင်းမှ တစ်ရက်လျှင် ရေဂါလန် ၃ ဒသမ ၂ သန်း ထွက်ရှိခဲ့ပြီး မူလတွင်းအမှတ်(၁)မှ တစ်ရက်လျှင် ရေဂါလန် ၁ သန်း၊ စုစုပေါင်းရေဂါလန် ၄ ဒသမ ၂ သန်းကို ကျုံးအတွင်းသို့ (၂၂-၈-၂၀၂၄) ရက်နေ့ ည ၇ နာရီခွဲတွင် တွင်းသစ် ၄ တွင်းမှ မောင်းနှင်၍ ကျုံးအတွင်းသို့ ရေသန့်များ ဖြည့်သွင်းနိုင်ခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ် ၂ ခုမှ ကျုံးအတွင်းသို့ မူလရည်မှန်းချက်အတိုင်း နေ့စဉ် စုစုပေါင်းရေဂါလန် ၆ ဒသမ ၂ သန်းခန့်ကို နေ့စဉ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျုံးအတွင်းသို့ ရေဖြည့်သွင်းခြင်းလုပ်ငန်းများ အောင်မြင်ပြီးစီး၍ ပိုက်လိုင်းများမှ ရေထွက်ရှိမှုအခြေအနေများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းက လမ်း ၈၀ နှင့် ၂၂ လမ်းဆုံအနီး ကျုံးရေဖြည့်သွင်းသည့်နေရာသို့ ရောက်ရှိစစ်ဆေးရာ ရေနှင့် သန့်ရှင်းမှုဌာနဌာနမှူး ဦးထွန်းဝင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

မြို့တော်ဝန်က ဆည်တော်ကြီးဆည် ရေမရရှိခြင်းကြောင့် မန္တလေးတူးမြောင်းမကြီးမှတစ်ဆင့် ကျုံးအတွင်း ရေဝင်ရောက်မှုမရှိသော်လည်း ကျုံးအတွင်း ယခုကဲ့သို့ ရေသန့်များ နေ့စဉ် ရေဂါလန် ၆ ဒသမ ၂ သန်းခန့် ဖြည့်သွင်းပေးနိုင်ခဲ့ပြီဖြစ်သည့်အပြင် ကျုံးရေဖြည့်ဆည်းရေးအရေးပေါ်စီမံကိန်းလုပ်ငန်းစဉ်များအား မူလစီမံကိန်းမျှော်မှန်းကာလထက် ၅ ရက်ခန့်စော၍ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တာဝန်ရှိ အင်ဂျင်နီယာအဖွဲ့နှင့် လုပ်သားအဖွဲ့များအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မန္တလေးမြို့တော်နေ ပြည်သူများ သောက်သုံးရေပေးဝေခြင်းလုပ်ငန်းများကိုလည်း ယခုအခါ ပုံမှန်အနေအထားသို့ ရောက်ရှိအောင် နေ့စဉ်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပြီး ပိုက်လိုင်းအတွက် လမ်းပိုင်းဖြတ်ထုတ်ခဲ့သည့် လမ်း ၈၀ နေရာအား လမ်းပိုင်းကောင်းမွန်အောင် ပြန်လည်ပြုပြင်ပေးရန် ကိစ္စရပ်အား အမြန်ဆောင်ရွက်ပေးရေးနှင့် ကျုံးရေ အား ၆၆ လမ်းနှင့် ၂၂ လမ်းဆုံ ဆည်တော်ကြီး ရေဝင်ပေါက်မှ တစ်ဆင့် လမ်း ၆၀၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ ရေစစ်ကန်သို့ ကျုံးရေအားထည့်ပြီး ချမ်းအေးသာစံမြို့နယ် အရှေ့ခြမ်း ကန်ကောက်ရပ်ကွက်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်နေ ပြည်သူလူထုအတွက် ဖြန့်ဝေပေးရေးကိစ္စ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

## လက်ကျန်တစ်ပွဲအလို၌ပင် ရာသီဝက် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း



MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံး ပြိုင်ပွဲ (Week-12) ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ ညနေက စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ ကစားခဲ့ကြပြီး ရှမ်းယူနိုက်တက်အသင်းက ၁ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

နှစ်သင်းစလုံးသည် ပွဲစတင်သည်နှင့်တစ်ပြိုင်နက် ဂိုးရရှိရန် ကြိုးပမ်းခဲ့ကြပြီး အခွင့်အရေးကိုယ်စီရခဲ့ကြသည်။ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ရှမ်းယူနိုက်တက်အသင်းက ဦးဆောင်ဂိုးစတင်ရခဲ့ပြီး တိုက်စစ်မှူး ဟိန်းသန့်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် Junior Lions အသင်းမှ ချေပဂိုးရရန် ကြိုးပမ်းခဲ့သလို ရှမ်းယူနိုက်တက်အသင်းကလည်း တန်ပြန်တိုက်စစ်များမှတစ်ဆင့် ဖိအား ပြန်လည်ပေးခဲ့သည်။

သို့သော် လက်ကျန်မိနစ်များတွင် Junior Lions အသင်းသည် ချေပဂိုး ပြန်လည်မရခဲ့သည့်အတွက် ပွဲအပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ၁ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရသွားခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် ယနေ့နိုင်ပွဲကြောင့် ၁၁ ပွဲကစားပြီးချိန်တွင် ကိုးပွဲ နိုင်၊ နှစ်ပွဲ သရေ ရမှတ် ၂၉ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်ခဲ့ပြီး ပထမ အကျော့လက်ကျန် ပွဲစဉ်တစ်ပွဲ အလို၌ပင် ရာသီဝက် ချန်ပီယံ ဖြစ်ခဲ့သည်။

ယနေ့ပွဲတွင် ရှုံးခဲ့သည့် Junior Lions အသင်းသည် ၁၁ ပွဲကစား အပြီးတွင် ခုနစ်ပွဲနိုင်၊ သုံးပွဲ သရေ ၊ တစ်ပွဲရှုံးရမှတ် ၂၄ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ဆက်လက်ရပ်တည်နေပြီး ပေးဂိုးမရှိစံချိန် ပျက်ခဲ့သည်။**(အပေါ်ဝဲပုံ)**

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ နောက်ဆုံးပွဲစဉ်အဖြစ် ISPE အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး Junior Lions အသင်းသည် မြဝတီအသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀

## မိုးနှောင်းဝါသီးနှံ (B-31) ပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်စိုက်ပျိုးနေသည့် တောင်သူများထံ သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်



**ပျော်ဘွယ် ဩဂုတ် ၂၃**

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးညှိနှိုင်းကြီးကြပ်မှုအဖွဲ့မှ ဦးဆောင်၍ ၂၀၂၄-၂၀၂၅ မိုးနှောင်းဝါသီးနှံ (B-31) ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စံပြကွက်စိုက်ပျိုးနေသည့် တောင်သူများထံ သွင်းအားစုပစ္စည်းများထောက်ပံ့ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီက ညောင်ရွှေကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးညှိနှိုင်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးလွင်က မိမိတို့မြို့နယ်တွင် ဝါသီးနှံပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ယခုလိုထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ထောက်ပံ့ပေးအပ်သည့် သွင်းအားစုပစ္စည်းများကိုလည်း အကျိုးရှိစွာအသုံးပြုရန်လိုအပ်ပါကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိပါက ဝါစိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းဆွေးပြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးညိမ်းဇော်က သွင်းအားစုများထောက်ပံ့ပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။**(ဝဲပုံ)**

ထို့နောက် မြို့နယ်စိုက်ပျိုးညှိနှိုင်းကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဝါသီးနှံစံပြကွက်စိုက်ပျိုးနေသည့် ဧက ၁၀၀ အတွက် သွင်းအားစုများဖြစ်သည့် အပင်ရွက်ဖျန်းအားဆေးများနှင့် ပိုးသတ်ဆေးများကို ထောက်ပံ့ပေးအပ်ရာ ဝါစိုက်ပျိုးသည့် တောင်သူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ ရပ်ကွက်၊ ၃၃ လမ်း၊ ၈၂ လမ်းနှင့် ၈၃လမ်းကြားနေ သန်းထွန်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀၅ ၊ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water အလေးချိန် ၁၂၆ ဂရမ်၊ ကက်တမင်း အလေးချိန် ၂၀ ဂရမ်၊ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၁၃၅ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သန်းထွန်းအောင် ၃၅ နှစ်အား အမှတ်(၈)မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## အောင်ပန်း-ကလောသွား ကားလမ်းခွဲအနီးတွင် ဆီဘောက်ဆာတွဲယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွား

**အောင်ပန်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်၊အောင်ပန်းမြို့နှင့်ကလောမြို့သွားကားလမ်းခွဲအနီးတွင် ဆီဘောက်ဆာတွဲယာဉ်တစ်စီး တိမ်းမှောက်မှု ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦး×× မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဦး××××တို့ လိုက်ပါလာသော ဆီဘောက်ဆာတွဲယာဉ်သည် စက်သုံးဆီများတင်ဆောင်ပြီး အောင်ပန်း-ကလော ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါအခင်းဖြစ်နေရာသို့ အောင်ပန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ၊ တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းတို့သည် ဆီဘောက်ဆာတွဲယာဉ်အား မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရသူအမျိုးသားနှစ်ဦးအား မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၇)

## ရွှေညောင်မြို့နယ်တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**ရွှေညောင် ဩဂုတ် ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၉ ရက် ညနေ ၆နာရီခွဲက ရွှေညောင်မြို့နယ်၊ တောင်လေးလုံးကျေးရွာအနီးတွင် တောင်ကြီးမြို့ဘက်မှ အောင်ပန်းမြို့ဘက်သို့ ဖော်ဦး(ခ)သက်ဟိန်းမောင်းနှင်လာသည့် TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း အလေးချိန် ၇ ဒသမ ၄ ကီလို၊ Happy Water အလေးချိန် ၁ ဒသမ ၄၉ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖော်ဦး(ခ)သက်ဟိန်း (၃၄)နှစ်အား ရွှေညောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## မိုင်းယောင်းမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် တံတားတစ်စင်း ပြိုကျပျက်စီး

**မိုင်းယောင်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ခိုကဲ-ပါမန်း-ဝမ်ကောင်း-ဝမ်တောင်းလမ်း(ခတ်လုံစေတီတော်သွားလမ်း)ပေါ်ရှိ တံတားတစ်စင်းပြိုကျပျက်စီးသွားခဲ့သော်လည်း လူနှင့်တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

အဆိုပါတံတားအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးသက်ဆွေ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဇော်မင်းဆွေ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်သူများပါဝင်သော စုစုပေါင်း အင်အား ၂၇ ဦးတို့က လူနှင့် မော်တော်ယာဉ်များ ထိခိုက်မှုမရှိစေရေး လမ်းခေတ္တပိတ်ထားပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် ခိုကဲ-ပါမန်း-ဝမ်ကောင်း-ဝမ်တောင်းလမ်းအစား ခိုကဲ-ရဲဘော်ဟောင်း-ပါမန်း-ဝမ်ကောင်း-ဝမ်တောင်းလမ်း၊ ခိုကဲ-ယမ်းခမ်း-ဝမ်ဖြို-ပါမန်း-ဝမ်ကောင်း-ဝမ်တောင်းလမ်းနှင့် ခိုကဲ-မုန်းလိုက်-ဝမ်တောင်း-ဝမ်ကောင်း-ပါမန်းလမ်းတို့ကို အသုံးပြုနိုင်ရေးအတွက် လမ်းလွှဲပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

အရှည်နှင့် အကျယ် ၁၅ ပေ၊ အမြင့် ခြောက်ပေရှိ ယင်းတံတားသည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပြိုကျပျက်စီးသွားသည့် အဆိုပါ တံတားနေရာတွင် အရှည် ၂၅ ပေ၊ အကျယ် ပေ ၂၀၊ အမြင့် ခုနစ်ပေရှိ တံတားတစ်စင်း အမြန်တည်ဆောက်သွားရန် တာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အောက်ပုံ)

(၅၀၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**မန္တလေး ဩဂုတ် ၂၃**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၆၅/၅ အနီးတွင် ဩဂုတ်၂၁ရက် ည ၉ နာရီ ၁၀ မိနစ်ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဥသျှစ်ကုန်း အမြန်လမ်းမီးသတ်စခန်းမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည်။

ယာဉ်မတော်တဆတိုက်မှုကြောင့် ယာဉ်ပေါ်ပါအမျိုးသားတစ်ဦးထိခိုက် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ည ၁၀ နာရီ မိနစ် ၂၀တွင် ပြီးစီးခဲ့သည်။

(ဝ၄၅)

## ကျောက်ပန်းတောင်းမြို့နယ်တွင် ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှု ဖြစ်ပွား

**ကျောက်ပန်းတောင်း ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မြို့မစည်ပင်သာယာဈေးအနီး၊ မြို့မရပ်ကွက်တွင် ဩဂုတ် ၂၂ ရက် မွန်းလွဲ ၃နာရီ ၅ မိနစ်ခန့်က ဝါယာရှော့ဖြစ်ရာမှ လူနေအိမ်တစ်လုံးနှင့် ဆိုင်ခန်းတစ်ခန်းတို့ မီးလောင်ကျွမ်းခဲ့သည်။

မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းအရှေ့ဘက်ရှိ ဒေါ်--နေထိုင်သည့် ပေ(၃၀×၃၀)ပတ်လည်၊ သွပ်မိုး၊ (၂)ထပ်၊ အုတ်ညှပ်၊ ပျဉ်ခင်း နေအိမ်မှ၊ ဝါယာရှော့ဖြစ်ကာ အပူလွန်ကဲ၍ အပေါ်ထပ်ပျဉ်ခင်းမှတစ်ဆင့် နေအိမ်အား မီးလောင်ကျွမ်းခဲ့ရာ လူနေအိမ်မှတစ်ဆင့် ပေ(၁၀×၁၀)ပတ်လည် အုတ်ညှပ် (၁)ထပ် ဆိုင်ခန်းသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။



အဆိုပါ မီးလောင်မှု သတင်းရလျှင်ရခြင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းမြင့် ဦးဆောင်သည့် သန္နနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ဦးတို့သည်၊ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်လေးစီး၊ ကျောက်ပန်းတောင်းနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ပုပ္ပားနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ညောင်ဦးခရိုင်မှ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃နာရီ ၂၄ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၃နာရီ ၃၇မိနစ်တွင် မီးလုံးဝငြိမ်းခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)(၄၅၆)

## သစ်ပင်လဲကျပြီး အိမ်ပေါ်ပိမိ ရှင်းလင်းဖယ်ရှားပေး

**ပျဉ်းမနား ဩဂုတ် ၂၃**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်းရပ်ကွက်တွင် ဩဂုတ် ၂၁ရက် ညနေ ၃ နာရီခန့်က မိုးရွာသွန်းပြီး လေတိုက်မှုကြောင့် လုံးပတ်၄ပေ၊ အမြင့်၄၅ပေခန့်ရှိ မန်ကျည်းပင်လဲကျ၍ နေအိမ်ပေါ်တွင် သစ်ကိုင်းများပိမိနေကြောင်း သတင်းရရှိသဖြင့် ပျဉ်းမနားမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးသန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာကောက်နယ်မြေမီးသတ်စခန်းမှ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများမှ သွားရောက်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှု မရှိကြောင်း သိရသည်။



(ဝဲပုံ)(ဝ၄၅)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကမ္ဘာ့ဒုတိယအကြီးဆုံး စိန်အရိုင်းတုံးကြီးကို အာဖရိကတိုက် ဘော့စဝါနာနိုင်ငံ၌ တူးဖော်ရရှိ

**ဂါဘိုရုန်း ဩဂုတ် ၂၃**

ကမ္ဘာ့ဒုတိယအကြီးဆုံး စိန်အရိုင်းတုံးကြီးကို အာဖရိကတိုက် ဘော့စဝါနာနိုင်ငံ၌ မကြာသေးမီက တူးဖော်ရရှိကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။



အလေးချိန် ၂၄၉၂ ကာရက်ရှိသော အဆိုပါ စိန်အရိုင်းတုံးကြီးကို ဘော့စဝါနာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကာရိုဝီစိန်တွင်း၌ ကနေဒါအခြေစိုက် လူကာရာ စိန်တူးဖော်ရေးကော်ပိုရေးရှင်းက အိတ်စ်ရေးဓာတ်ရောင်ခြည်စနစ်သုံးပြီး တူးဖော်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။


ထို စိန်အရိုင်းတုံးကြီး၏ အရည်အသွေးနှင့်တန်ဖိုးကို လူကာရာကော်ပိုရေးရှင်းက သတင်းထုတ်ပြန်ခြင်းမရှိဘဲ အလေးချိန်ကိုသာဖော်ပြကာ အလွန်ထူးခြားသော စိန်အရိုင်တုံးကြီးကို တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ကုမ္ပဏီဥက္ကဋ္ဌ ဝီလျံလမ်းက ထုတ်ဖော်ပြောကြားသည်။

လူကြီးလက်သီးဆုပ်ခန့် အရွယ်အစားရှိသော ယင်းစိန်အရိုင်းတုံးကြီးထက် ပိုကြီးကာ အလေးချိန် ၃၀၁၆ ကာရက်ရှိသည့် ကမ္ဘာ့အကြီးဆုံးစိန်တုံးကြီးမှာ ၁၉၀၅ ခုနှစ်က တောင်အာဖရိကနိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့သော ကူလီနန်စိန်တုံးကြီးပင် ဖြစ်သည်။

မိမိတို့ကုမ္ပဏီ တူးဖော်ရရှိခဲ့ဖူးသော စိန်အရိုင်းတုံးများအနက် အကြီးဆုံးဖြစ်ပြီး ၂၀၁၇ ခုနှစ်က တပ်ဆင်ခဲ့သည့် စိန်ရှာဖွေရေး အိတ်စ်ရေးနည်းပညာသုံးကာ ရှာဖွေတူးဖော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

ဘော့စဝါနာနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းစာရင်းဝင် စိန်တူးဖော်ထုတ်လုပ်ရေးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းကို စိန်တူးဖော်ရေးလုပ်ငန်းမှ ရရှိကြောင်း သိရသည်။

**Mon**



ညှိ်သည်တော် တရုတ်ဝန်ကြီးချုပ် လီချိုင်းကို ဘယ်လာရုစ်သမ္မတ အလက်စန်းဒါးလူကာရှင်ကိုက မင့်စ်မြို့တော်၌ ဩဂုတ် ၂၂ ရက်က လက်ခံတွေ့ဆုံစဉ်။ **Mon**




## ဗီဇပြောင်း မျောက်ကျောက်ရောဂါကူးစက်မှု ထိုင်းနိုင်ငံတွင် ပထမဆုံး စစ်ဆေးတွေ့ရှိ

**ဘန်ကောက် ဩဂုတ် ၂၃**

ဗီဇပြောင်း မျောက်ကျောက်ရောဂါကူးစက်မှုကို ထိုင်းနိုင်ငံတွင် ပထမဆုံးစစ်ဆေးတွေ့ရှိသည်ဟု ဩဂုတ် ၂၂ ရက်က အတည်ပြုကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

ကူးစက်ခံထားရသူမှာ အသက် ၆၆ နှစ်အရွယ် ဥရောပနွယ်ဖွား ကမ္ဘာလှည့်ခရီးသွား အမျိုးသားတစ်ဦးဖြစ်ကြောင်း ထိုင်းရောဂါထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်သည်။

ယင်းဗီဇပြောင်း မျောက်ကျောက်ရောဂါကူးစက်မှု တွေ့ရှိခြင်းသည် ထိုင်းနိုင်ငံတွင်သာမက အာရှတိုက်တွင် ပထမဆုံးဖြစ်ကြောင်း သိရသည်။ **Mon**

## မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လယ်တစ်နေရာ၌ မြေကျွံကျမှုဖြစ်ပွား အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေ

**ကွာလာလမ်ပူ ဩဂုတ် ၂၃**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လယ်တစ်နေရာ၌ ဩဂုတ် ၂၃ ရက်က မြေကျွံကျမှုဖြစ်ပွားရာ မြေအောက်သို့ ပြုတ်ကျသွားသည့် အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီ ၂၂ မိနစ်ခန့်အချိန်တွင် ဂျလန်အိန္ဒိယမတ်စ်ဂျစ်ရပ်ကွက် အတွင်းရှိ လူသွားလမ်းဘေး ခုံတန်းရှည်ပေါ်၌ အိန္ဒိယနွယ်ဖွား ထိုအမျိုးသမီးထိုင်နေစဉ် ခုံအောက်တည့်တည့်ရှိ မြေကျွံကျခဲ့ခြင်းဖြစ်သည်။

လမ်းသွားလမ်းလာအချို့က ထိုမြေကျွံကျမှုဖြစ်စဉ်ကို မြင်လိုက်ရသဖြင့် ကူညီရန် ဝိုင်းအုံလာကြပြီး လူအချို့က ဖုန်းဆက်ပေးသဖြင့် မကြာမီ မီးသတ်နှင့် ကယ်ဆယ်ရေးဌာန မှ တပ်ဖွဲ့ဝင် ၁၅ ဦး ရောက်ရှိလာပြီး လှေကားများ ဖြင့် မြေကျင်းထဲသို့ ဆင်းသွားကြသည်။

၈ မီတာခန့်နက်သော ထိုမြေကျင်းထဲတွင် ကယ်ဆယ်ရေးသမားများ တစ်နေကုန်ရှာဖွေကြသော်လည်း ညနေပိုင်းအထိ အဆိုပါ အမျိုးသမီး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**





## မနီလာမြို့တွင် တရုတ်ငွေလိမ်ဂိုဏ်းတစ်ဂိုဏ်းကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များ လျှပ်တစ်ပြက်ဖြိုခွင်း

**မနီလာ ဩဂုတ် ၂၃**

ဩဂုတ် ၂၂ရက်က မနီလာမြို့တွင် တရုတ်ငွေလိမ်ဂိုဏ်း တစ်ဂိုဏ်းကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များ လျှပ်တစ်ပြက်ဖြိုခွင်းခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသားများ တည်ထောင်ထားသည့် ယင်း ငွေလိမ်ဂိုဏ်းသည် လိုင်စင်ရအွန်လိုင်းဂိမ်းကုမ္ပဏီအယောင်ဆောင်ကာ ဖိလစ်ပိုင်နိုင်ငံရှိ အွန်လိုင်းဈေးကွက်မှတစ်ဆင့် ရောင်းဝယ်ကြသူများကို လိမ်လည်လှည့်ဖြားခဲ့ကြခြင်း ဖြစ်သည်။

မြို့လယ်တွင် ဖွင့်ထားသည့် အဆိုပါဂိုဏ်း၏ ရုံးခန်းအဆောက်အအုံထဲသို့ နံနက် အရုဏ်မတက်မီ ရဲတပ်ဖွဲ့ဝင်များ ရှောင်တခင်ဝင်ရောက်စီးနင်းရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေပြီးနောက် ငွေလိမ်ဂိုဏ်းနှင့် အဓိကပတ်သက်သော တရုတ်နိုင်ငံသား ၅၈ ဦး၊ အရှေ့တောင်အာရှနိုင်ငံအချို့မှ နိုင်ငံသားအချို့နှင့် ဖိလစ်ပိုင်နိုင်ငံသား ၃၂ ဦးတို့ကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

ထိုငွေလိမ်ဂိုဏ်းများ၌ အစိုးရအုပ်ချုပ်ရေးအရာရှိကြီးများ ပါဝင်ပတ်သက်ကာ အကျင့်ပျက်ခြစားနေကြောင်း ကြားသိရသဖြင့် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ ကိုယ်တိုင် ဦးဆောင်ပြီး ဖြိုခွင်းရန်ကြိုးစားနေကြောင်း သိရသည်။

**Mon**

STOP AIDS

## နီပေါနိုင်ငံ တာနာဟန်ခရိုင်တစ်နေရာတွင် ခရီးသည်တင်ဘတ်စ်ကား မြစ်ထဲထိုးကျ

**ခတ္တမန္ဒူ ဩဂုတ် ၂၃**

နီပေါနိုင်ငံ တာနာဟန်ခရိုင်တစ်နေရာတွင် ဩဂုတ် ၂၃ ရက်က ခရီးသည်တင်ဘတ်စ်ကား မြစ်ထဲထိုးကျမှုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခတ္တမန္ဒူမြို့တော်မှ ပိုခါရမြို့သို့ ဦးတည်မောင်းနှင်လာသော ခရီးသည် ၄၀ ဦးခန့် စီးနင်းလိုက်ပါလာသည့် ထိုဘတ်စ်ကား မာစယန်ဒီမြစ်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးအဖွဲ့က အချိန်မီ သွားရောက်ကယ်ဆယ်သော်လည်း ၁၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**Mon**



## တောင်ကိုရီးယားနိုင်ငံ ဘူချွန်မြို့ရှိ ဟိုတယ်တစ်ခု၌ မီးလောင်မှုဖြစ်ပွား၊ လူ ခုနစ်ဦး သေဆုံး၊ အချို့ ဒဏ်ရာရ

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ ဘူချွန်မြို့ရှိ ဟိုတယ်တစ်ခု၌ ဩဂုတ် ၂၂ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားရာ လူခုနစ်ဦး သေဆုံးပြီး အချို့ဒဏ်ရာရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် ည ၇ နာရီ ၃၉ မိနစ်ခန့်တွင် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ ဆိုးလ်မီးသတ်တပ်ဖွဲ့က အခင်းဖြစ်နေရာသို့ အချိန်မီသွားရောက်မီးငြိမ်းသတ်သဖြင့် သန်းခေါင်ကျော်တွင် မီးကို ထိန်းချုပ်နိုင်ခဲ့သည်။

၉ ထပ်ရှိသော ဟိုတယ်၏ ၈ ထပ်မြောက်အခန်းတစ်ခန်း၌ ဝါယာရှော့ဖြစ်ပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့က အစီရင်ခံသည်။

ကယ်ဆယ်ရေးဆောင်ရွက်နေစဉ် မီးလောင်နေသောအပေါ်ထပ်မှ အောက်သို့ ခုန်ချသူများကို မီးသတ်တပ်ဖွဲ့က လေမွေ့ရာဖြင့် ဖမ်းယူခဲ့သည်။

ထိုသို့ဖမ်းယူစဉ် လူနှစ်ဦး မွေ့ရာပေါ်သို့ခုန်ချပြီးနောက် လေထဲသို့ ပြန်မြောက်တက်သွားပြီး အပြင်သို့ ပြုတ်ကျကာ သေဆုံးခဲ့ကြောင်း သိရသည်။

**Mon**



# နိုင်ငံတကာ အားကစား သတင်းများ

## စီရော်နယ်လ်ဒို လိဂ်သွင်းဂိုးပေါင်း ဂိုး ၅၀ ပြည့်မြောက်

**လန်ဒန် ဩဂုတ် ၂၃**

အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အသင်းနှင့်အတူ ဆော်ဒီလိဂ် သွင်းဂိုးပေါင်း ဂိုး ၅၀ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဆော်ဒီလိဂ်ပွဲစဉ်အဖြစ် အယ်လ်နာဆာအသင်းက အယ်လ်ရတ်ဒ်အသင်းနှင့်တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၅၀ပြည့် မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ဆော်ဒီလိဂ်ပွဲစဉ် ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၈ပွဲ ကစားကာ ဂိုး ၅၀ထိ သွင်းယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

(ယာပုံ)

(NGB)





## ဆောင်ဒါဘာအီဂယ် ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၃**

ကွင်းလယ်ကစားသမား ဆောင်ဒါဘာအီဂယ် ဖူလ်ဟမ်အသင်းတွင် ကျောနံပါတ် ၁၆ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ (ဝဲပုံ)

အသက် ၂၆နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘန်လေအသင်းမှ ဖူလ်ဟမ်အသင်းသို့ ငါးနှစ်+တစ်နှစ်သက်တမ်းစာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဆောင်ဒါဘာအီဂယ်သည် ဘန်လေအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖူလ်ဟမ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖူလ်ဟမ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၄ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ (NGB)

## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Lorenzo Sonego တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်ကစားသမား Lorenzo Sonego တက်ရောက်ခဲ့သည်။



အဆိုပါ အီတလီတင်းနစ်ကစားသမား Lorenzo Sonego သည် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Pavel Kotov အား ၆-၃၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego နှင့် ဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)(NGB)

## အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

**ဘရိုက်တန် - မန်ယူ**

ဩဂုတ် ၂၄ ရက်(စနေနေ့)ညနေ ၆း၀၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၂၀-၂၁ | ဘရိုက်တန် | ၂-၃ | မန်ယူ | ၂-၁ | ဘရိုက်တန် |
| ၂၀၂၂-၂၃ | ။ | ၁-၀ | ။ | ၁-၂ | ။ |
| ၂၀၂၃-၂၄ | ။ | ၀-၂ | ။ | ၁-၃ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁)ရလဒ်**

အဲဗာတန် ၀-၃ ဘရိုက်တန် မန်ယူ ၁-၀ ဖူလ်ဟမ်

ယခုနှစ် ဘရိုက်တန်အသင်း၏ ခြေစွမ်းက လေးစားစရာကောင်းနေခြင်းကြောင့် မထင်မှတ်ဘဲ သရေကျသွားနိုင်ကာ မန်ယူတို့ နိုင်ပါကလည်း ကပ်နိုင်ခြေရှိသည့် ပွဲမျိုးဖြစ်သည်။

**မန်စီးတီး - အစ်ဆွစ်ချ်**

ဩဂုတ် ၂၄ ရက်(စနေနေ့)ည ၈း၃၀နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၁၉၉၂-၁၉၉၃ | မန်စီးတီး | ၃-၁ | အစ်ဆွစ်ချ် | ၃-၁ | မန်စီးတီး |
| ၁၉၉၄-၁၉၉၅ | ။ | ၂-၀ | ။ | ၁-၂ | ။ |
| ၂၀၀၀-၂၀၀၁ | ။ | ၂-၃ | ။ | ၂-၁ | ။ |

**နှစ်သင်း၏ (ပွဲစဉ်-၁)ရလဒ်**

ချဲလ်ဆီး ၀-၂ မန်စီးတီး အစ်ဆွစ်ချ် ၀-၂ လီဗာပူး

အစဉ်အလာအတိုင်း မန်ချက်စတာစီးတီးအသင်းတို့ ဂိုးပြတ်အနိုင်ရရှိမည့် ပွဲဖြစ်သည်။

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | ည၉း၃၀နာရီ | လိုင်ယွန် - မိုနာကို (L) (W) | လိုင်ယွန် ၃-၂ မိုနာကို<br>မိုနာကို ၀-၁ လိုင်ယွန် |
| ။ | ည၁၁း၃၀နာရီ | လိုင်လီ - အန်ဂျဲစ် (W) (L) | လိုင်လီ ၁-၀ အန်ဂျဲစ်<br>အန်ဂျဲစ် ၁-၀ လိုင်လီ |
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၃၀နာရီ | စိန့်အက်တီယန် - လီဟာဗေး (L) (L) | စိန့်အက်တီယန် ၀-၆ လီဟာဗေး<br>လီဟာဗေး ၂-၂ စိန့်အက်တီယန် |

## အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | ည၈း၃၀နာရီ | ခရစ္စတယ်ပဲလေ့စ် - ဝက်စ်ဟမ်း (L) (L) | ခရစ္စတယ်ပဲလေ့စ် ၅-၂ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၁ ခရစ္စတယ်ပဲလေ့စ် |
| ။ | ။ | ဖူလ်ဟမ် - လက်စတာ (L) (D) | လက်စတာ ၀-၁ ဖူလ်ဟမ်<br>ဖူဟမ် ၅-၃ လက်စတာ |
| ။ | ။ | ဆောက်သမ်တန် - နော်တင်ဟမ် (L) (D) | ဆောက်သမ်တန် ၀-၁ နော်တင်ဟမ်<br>နော်တင်ဟမ် ၄-၃ ဆောက်သမ်တန် |
| ။ | ။ | စပါး - အဲဗာတန် (D) (L) | စပါး ၂-၁ အဲဗာတန်<br>အဲဗာတန် ၂-၂ စပါး |
| ။ | ည၁၁း၀၀နာရီ | အက်စတွန်ဗီလာ - အာဆင်နယ် (W) (W) | အက်စတွန်ဗီလာ ၁-၀ အာဆင်နယ်<br>အာဆင်နယ် ၀-၂ အက်စတွန်ဗီလာ |

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | ည၈း၀၀နာရီ | အော့စ်ဘတ် - ဝဲဒါဘရီမင် | အော့စ်ဘတ် ၀-၃ ဝဲဒါဘရီမင်<br>ဝဲဒါဘရီမင် ၂-၀ အော့စ်ဘတ် |
| ။ | ။ | ဖရိုင်းဘတ် - စတုဂတ် | ဖရိုင်းဘတ် ၁-၃ စတုဂတ်<br>စတုဂတ် ၅-၀ ဖရိုင်းဘတ် |
| ။ | ။ | ဟော်ဖန်ဟိမ်း - ဟော်စတိုင်ကီလ် | ———— |
| ။ | ။ | မိန့်ဇ် - ယူနီယံဘာလင် | ယူနီယံဘာလင် ၄-၁ မိန့်ဇ်<br>မိန့်ဇ် ၁-၁ ယူနီယံဘာလင် |
| ။ | ။ | လိုက်ပဇစ် - ဘိုချန် | လိုက်ပဇစ် ၀-၀ ဘိုချန်<br>ဘိုချန် ၁-၄ လိုက်ပဇစ် |
| ။ | ည၁၁း၀၀နာရီ | ဒေါ့မွန် - ဖရန့်ဖတ် | ဒေါ့မွန် ၃-၁ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၃-၃ ဒေါ့မွန် |

## အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | ည၁၁း၀၀နာရီ | ပါးမား - အေစီမီလန် (D) (D) | ပါးမား ၁-၃ အေစီမီလန်<br>အေစီမီလန် ၂-၂ ပါးမား |
| ။ | ။ | အူဒီနီစ် - လာဇီယို (D) (W) | အူဒီနီစ် ၁-၂ လာဇီယို<br>လာဇီယို ၁-၂ အူဒီနီစ် |
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၁း၁၅နာရီ | အင်တာမီလန် - လက်ချီ (D) (L) | အင်တာမီလန် ၂-၀ လက်ချီ<br>လက်ချီ ၀-၄ အင်တာမီလန် |
| ။ | ။ | မွန်ဇာ - ဂျီနိုအာ (D) (D) | မွန်ဇာ ၁-၀ ဂျီနိုအာ<br>ဂျီနိုအာ ၂-၃ မွန်ဇာ |

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | ည၉း၃၀နာရီ | အိုဆာဆူနာ - မာယော့ကာ (D) (D) | အိုဆာဆူနာ ၁-၁ မာယော့ကာ<br>မာယော့ကာ ၃-၂ အိုဆာဆူနာ |
| ။ | ည၁၁း၃၀နာရီ | ဘာစီလိုနာ - ဘီလ်ဘာအို (W) (D) | ဘာစီလိုနာ ၁-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၀-၀ ဘာစီလိုနာ |
| ၂၅-၈-၂၀၂၄ တနင်္ဂနွေနေ့ | နံနက်၀၂း၀၀နာရီ | အက်စ်ပန်ညို - ဆိုစီဒက် (L) (L) | အက်စ်ပန်ညို ၂-၃ ဆိုစီဒက်<br>ဆိုစီဒက် ၂-၁ အက်စ်ပန်ညို |
| ။ | နံနက်၀၂း၀၀နာရီ | ဂီတာဖေး - ဗယ်လက်ကာနို (D) (W) | ဂီတာဖေး ၀-၂ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၀-၀ ဂီတာဖေး |

## ဈေးကွက်အာမခံချက်ကောင်းသောကြောင့် ငှက်ပျောစိုက်တောင်သူများ အဆင်ပြေ

**ကျောက်ဆည် ဩဂုတ် ၂၃**

ကျောက်ဆည်ခရိုင်အတွင်းရှိ ငှက်ပျောစိုက်တောင်သူများအနေဖြင့် ဈေးကွက်အာမခံချက်ကောင်းသောကြောင့် ငှက်ပျောစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် ငှက်ပျောကို ဝါဆိုဦးတွင် အခင်းသစ်အဖြစ် စတင်စိုက်ပျိုးလေ့ရှိပြီး တစ်နှစ်တိတိစိုက်ပျိုးရကြောင်း ထိုသို့ စိုက်ပျိုးရာတွင် လိုအပ်သည့် စိုက်ပျိုးစရိတ်ကို ငှက်ပျောပွဲစားများထံမှ ကြိုတင်ရယူနိုင်သောကြောင့် စိုက်ပျိုးစရိတ် ဝန်ထုပ်ဝန်ပိုးမဖြစ်ဘဲ စိုက်ပျိုးနိုင်ကြောင်း မြစ်သားမြို့နယ် ငှက်ပျောစိုက်တောင်သူ ကိုစိုးသိန်းက ပြောသည်။

"ငှက်ပျောဈေးက ကောင်းနေတော့ ပွဲစားတွေက ငွေကြိုပေးကြတယ်။ ဒီလိုကြိုငွေရတော့ စိုက်ပျိုးစရိတ်အတွက် ပူပင်စရာမလိုဘဲ ကောင်းကောင်းအရင်းအနှီးထည့် စိုက်ပျိုးနိုင်ပါတယ်။ ငှက်ပျောသိမ်းရာသီတွင်လည်း ဈေးကောင်းရတော့ အခြားသီးနှံတွေထက် ပိုပြီး အကျိုးအမြတ်များပါတယ်"ဟု ၎င်းက ပြောသည်။

ငှက်ပျောကြိုတင်ငွေကို မိမိစိုက်ခင်းမှ ထွက်ရှိမည့် ငှက်ပျောခိုင်အရေအတွက်ပေါ်မူတည်ပြီး ၂၀ ရာခိုင်နှုန်းခန့်ကို ကြိုတင်ငွေအဖြစ် ပွဲစားများက ထုတ်ပေးလေ့ရှိရာ ငှက်ပျောလှည်းတစ်စီးလျှင် ငွေကျပ် ၄၀၀၀၀၀ ခန့် ရရှိသောကြောင့် လှည်း အစီး ၂၀ လျှင် ငွေကျပ် သိန်း ၈၀ ခန့်ကြိုတင်ငွေထုတ်ပေးလေ့ရှိသည်။

"ငှက်ပျောလှည်းတစ်စီးကို ငှက်ပျောခိုင် ၄၀ ခန့်ပါဝင်ပြီး တစ်စီးလျှင် ကြိုတင်ငွေအဖြစ် ငွေကျပ် ၄၁၀၀၀၀ ဈေးဖြင့် ဈေးဖြတ်ပြီး ပေးပါတယ်။ ကြိုတင်ငွေထုတ်လျှင်တော့ ငှက်ပျောပေါက်ဈေးကမြင့်နေလည်း ကြိုတင်ဖြတ်ထားသည့်အတိုင်း ငှက်ပျောခိုင်ပြန်သွင်းရပါတယ်။ ကြိုတင်ငွေမယူရင်တော့ ငှက်ပျောဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကျောက်ဆည်ဒေသစိုက် ဖီးကြမ်းငှက်ပျောသီးလှည်းတစ်စီးလျှင် လက်ရှိဈေးကွက်မှာ ငွေကျပ် ၅၂၀၀၀၀ ကျော်ပေါက်ဈေးရှိနေပြီး တစ်ဧကလျှင် ပျမ်းမျှလှည်း အစီး ၁၂ စီးဝန်းကျင်ခန့် ထွက်ရှိသောကြောင့် တောင်သူများအနေဖြင့် ဝင်ငွေ သိန်း ၆၀ ခန့် ရရှိနေသည်။

ကျောက်ဆည်-မြစ်သားဒေသထွက် ဖီးကြမ်းငှက်ပျောသီးများကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ရွှေမန်း**





## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**အမရပူရ ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမရပူရမြို့နယ်ရှိ စာတိုးမြို့ပြင်ကြီးကျေးရွာအုပ်စု၊ စက်ကွေ့ဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊ ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား ပြည်သူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းက ပရော်ဂျက်တာဖြင့် အကျယ်တဝင့် အသိပညာပေးဟောပြောခဲ့သည်။ တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါ တီရှပ်အင်္ကျီ ၁၀ ထည်၊ ဦးထုပ် ၁၀ လုံး၊ အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းရန်ပုံငွေဖြင့် ဒေးဒရဲကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေးသွားလာရေး အဆင်ပြေစေရန်အတွက် ကျေးရွာတွင်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၊ ဒေးဒရဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၅ ဒသမ ၄ သန်း၊ စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၄ သန်းဖြင့် ကျေးရွာတွင်း မြေသားလမ်း အရှည်ပေ ၆၈၀ အား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ရာ ထိုကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၅ ရက်ကစပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုလက်ရှိတွင် လုပ်ငန်းများ ၆၉ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထိုကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးပါက ဒေးဒရဲကျေးရွာရှိ အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၂၇၈ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာသွားလာနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံက သိရသည်။

(ဝဲပုံ)(၄၄၅)



## ချမ်းအေးသာစံမြို့နယ်အတွင်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် အကျယ်အဝန်း(၅ ဒသမ ၀၄)စတုရန်းမိုင်အတွင်း အမှိုက်သိမ်းဆည်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ဩဂုတ် ၁၆ ရက်မှစတင်၍ TYTC SERVICES Co, LTD က သန့်ရှင်းရေးဌာနမှ လုပ်ငန်းများ လွှဲပြောင်းရယူ၍ စတင်ဆောင်ရွက်လျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ် မြို့တွင်းလမ်းမကြီးများတွင် လမ်းဘေးဝဲ၊ ယာ တံမြက်စည်းလှည်းအမှိုက်ကောက်လုပ်ငန်းများအား တစ်ပြတစ်ယောက်နှုန်း၊ ရပ်ကွက်များတွင် အမှိုက်သိမ်းခြင်းလုပ်ငန်းများအား နံနက်ပိုင်းနှင့်ညနေပိုင်းတွင် ရပ်ကွက်အလိုက် ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ဖြင့် အမှိုက်သိမ်းယာဉ်ကြီးများနှင့် ပုံမှန်သိမ်းဆည်းပေးလျက်ရှိသည်။

ရပ်ကွက်ပြည်သူများအနေဖြင့် မြို့တွင်းလမ်းဆုံများတွင် စည်းကမ်းမဲ့ ညပိုင်းလာရောက်၍ အမှိုက်ပစ်ခြင်းများ မပြုလုပ်ရန်နှင့် သတ်မှတ်အမှိုက်ကန်များတွင် လာရောက်စွန့်ပစ်ရန် မေတ္တာရပ်ခံထားပြီး အမှိုက်သိမ်းယာဉ်များ ရပ်ကွက်အတွင်းသို့ ပုံမှန်မလာရောက်ပါက TYTC SERVICES Co,LTD ဖုန်း ၀၉-၇၆၅၄၈၇၅၀၀၊ ၀၉-၇၆၅၄၈၇၅၀၁၊ ၀၉-၇၆၅၄၈၇၅၀၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ (ဝဲပုံ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**





## အစိုးရနည်းပညာကောလိပ်(မန္တလေး)တွင် လူငယ်များ ဗလငါးတန်ပြည့်စုံရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဩဂုတ် ၂၃**

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေနဲ့ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ အတွေးအခေါ်မှန်ကန်ရေး၊ နှုတ်မှုစွမ်းရည် တိုးတက်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်လူရွယ်များဖြစ်ပေါ်စေရန် ရည်ရွယ်ကာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာကောလိပ်(မန္တလေး)တို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

လူငယ်စကားဝိုင်းတွင် အစိုးရနည်းပညာကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင် ဦးဆောင်ကာ အစိုးရနည်းပညာကောလိပ်(မန္တလေး)တွင် တက်ရောက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်ဝေဘုန်းမိုး၊ မောင်ထင်ရှားနိုင်၊ မောင်ရဲမင်းမြတ်၊ မဖြူစင်ဝင်းသန့်၊ မကြယ်စင်အောင်နှင့် မဝင့်ဝင့်ထည်တို့က လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်မျိုးချစ်စိတ်ဓာတ်၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ မိန်းကလေးများနှင့် အမျိုးသမီးငယ်များ အခန်းကဏ္ဍ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် အားလပ်ချိန်အသုံးချမှု စသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည် ဆွေးနွေးမေးခွန်းများ မေးမြန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

၎င်းနောက် ကျောင်းအုပ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။(၀၇၂)

## ဆေးရုံမိသားစုနေ့ကျင်းပ လူနာများအား အာဟာရထောက်ပံ့

**သရက် ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး၊သရက်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံတွင် ပြည်သူလူထု အားကိုးယုံကြည်သော ဆေးရုံဖြစ်ပေါ်လာစေရန်အတွက် ဆေးရုံမိသားစုနေ့(Hospital Family Day)အခမ်းအနားကို ဩဂုတ် ၂၁ ရက် မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးစိုးလှမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ဆေးရုံမိသားစုနေ့ ကျင်းပခြင်းဖြင့် ပြည်သူများနှင့်ကျန်းမာရေးဌာနအကြား ကျန်းမာရေးဝန်ထမ်းများအကြား ဆက်ဆံရေးပိုမိုကောင်းမွန်လာပြီး ပြည်သူများအနေဖြင့် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ရမည်ကို မကြောက်ရွံ့ဘဲ အချိန်မီဆေးကုသခံယူခြင်းဖြင့် ကျန်းမာသက်ရှည်သောဘဝကို ပိုင်ဆိုင်လာမည်ဖြစ်မည်ဟု ပြောကြားပေးခဲ့ပြီး သရက်ခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာ ညွန့်ရွှေအောင်က သရက်ခရိုင် ပြည်သူ့ဆေးရုံ ( Hospital Family Day)ကျင်းပရခြင်း နှင့်ပတ်သက်၍ ပြောကြားပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများ၏တင်ပြ ဆွေးနွေးပေးမှုအပေါ် ခရိုင်ဆရာဝန်ကြီးက ပြန်လည်ဆွေးနွေးပေးခဲ့ကာ အခမ်းအနားအပြီးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်၊ ခရိုင် ဆရာဝန်ကြီး ဒေါက်တာ ညွန့်ရွှေအောင်နှင့် တာဝန်ရှိသူအသီးသီးက ခရိုင်ပြည်သူ့ဆေးရုံ ကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော လူနာများအား အာဟာရထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)စော်ထက်(သရက်)**



## မကွေးတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်တွင် စိုက်ပျိုးသော မိုးနှမ်းများ စတင်ရိတ်သိမ်း

**မကွေး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီးမှ ဆီထွက် သီးနှံအထူးဇုန်စိုက်ပျိုးမှုမှ မိုးနှမ်းများစတင် ရိတ်သိမ်း၍ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ်စိုက်ပျိုးရာသီမှ စတင်ကာ ဆီထွက်သီးနှံ ဧက ၃သန်းကို အထူးဇုန်သတ်မှတ်ပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ဩဂုတ်လ တတိယပတ်တွင် စတင်ရိတ်သိမ်းပြီး ဈေးကွက်အတွင် ရောင်းချနေခြင်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ စားသုံးဆီဖူလုံရေးအတွက် အထူးဇုန်သတ်မှတ်ကာ မြေပဲ ၆၉၉၈၂ ဧက၊ နှမ်း ၂၃၅၇၈၇ ဧက၊ နေကြာ ၅၀၈၃၁ ဧက စုစုပေါင်း ၃၅၆၆၀၀ ဧကကို မေလ မှစတင်ကာ စိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၊မကွေးမြို့နယ်အတွင်းရှိ ဈေးကွက်သို့ ကျေးရွာများနှင့် မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ မြို့သစ်၊ နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများမှ မိုးနှမ်းများ ရိတ်သိမ်းပြီးဖြစ်၍ နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လ(တတိယပတ်)အတွင်း နှမ်းဖြူ(ဂျပန်)တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀၊ နှမ်းဖြူ(ခြုံ)တစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀၊ နှမ်းနက်(စမုန်)တစ်တင်းလျှင် ငွေကျပ် ၂၁၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဩဂုတ်လ(တတိယပတ်)အတွင်း တင်းပေါင်း ၂၉၃၉၅၀ တင်း၊ ၄၈၀တန် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဆီကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းလှော်ဖိုများက ဝယ်ယူမှုရှိကြောင်းနှင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်း ချလျက်ရှိသည်။

ဩဂုတ်လ(ဒုတိယပတ်)နှင့်(တတိယပတ်)အတွင်း ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခုတစ်ပတ်အတွင်း နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၇၀၀၀၊ နှမ်းဖြူ(ခြုံ)တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၊ နှမ်းနက်(စမုန်)တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်လာကြောင်း၊ ရာသီဥတုမမှန်မှုကြောင့် အထွက်နှုန်းလျော့နည်းခြင်းနှင့် ပြည်ပဝယ်လိုအားကောင်းခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်ရခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**



## သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာနနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ပြည်သူလူထု ပူးပေါင်းပါဝင်သော မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် စစ်ကိုင်းခရိုင်သစ်တောဦးစီးဌာန၊ တောအုပ်ကြီး ဦးရဲလတ်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတဲ့စိတ်၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ကို ပိုမိုစိမ်းလန်းဝေဆာလှပအောင် ဆောင်ရွက်လိုတဲ့စိတ်၊ သစ်တောသစ်ပင်တွေကို စိုက်ပျိုးထိန်းသိမ်းလိုတဲ့စိတ်တွေ သိရှိနားလည်ပြီး သစ်တောများမှ ရရှိလာတဲ့ အကျိုးကျေးဇူးများကို ရေရှည်တည်တံ့စေကာ ထာဝစဉ်သုံးစွဲနိုင်စေဖို့ အသိပညာပေး ဟောပြောဆွေးနွေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့သည်။



စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုများရရှိစေရန် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို သက်ဆိုင်ရာဌာနဆိုင်ရာများ၊အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများနှင့်ပူးပေါင်း၍ ဟောပြောဆွေးနွေးခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်ပေးနေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ချောက် ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုမကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သံဘိုမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ချောက်မြို့နယ်၊ သံဘိုမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးအတွက် ငွေကျပ် ၂၆ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးအတွက် ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းဝင် ၁၁၇ ဦးအတွက် ငွေကျပ် ၄၈ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး အဆိုပါစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ချောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**

# အမရပူရက မင်းတုန်းမင်းမယ်တော် အုတ်ဂူ

နိုင်ဆက်ဝေ

မြန်မာနှစ် ၁၁၄၄ ခုနှစ်က ဗဒုံမင်း(ဘိုးတော်ဘုရား)မြို့နန်း တည်ထောင်အုပ်ချုပ်ခဲ့သော အမရပူရသည် ရတနာပုံ(မန္တလေး)မြို့ထက် နှစ်ပေါင်း(၇၀)ကျော်စော၍ တည်ရှိခဲ့သည်။ ဘိုးတော်ဘုရား၊ သာယာဝတီမင်းနှင့် ပုဂံမင်းတို့ ထီးနန်းစိုးစံခဲ့သဖြင့် ရှေးဟောင်း အဆောက်အအုံနှင့် စေတီပုထိုးများစွာရှိသော ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ဟုလည်း ဆိုနိုင်သည်။

'အမရပူရမှာ မင်းတုန်းမင်းမယ်တော်ရဲ့ အုတ်ဂူရှိတယ်ဆိုတာ အပြင်လူတွေမပြောနဲ့ ဆွေတော်မျိုးတော်တွေထဲကတောင် သိသူနည်းတယ်။ ရပ်ကွက်နေအိမ်တွေကြား တိမ်မြုပ်နေတာပါ၊ သိသလောက် ပြောရရင် မင်းတုန်းမင်းမယ်တော်က'အိမ်တော်ပါ' ဖြစ်တယ်။ အိမ်တော်ပါ ဆိုတာ ငယ်လင် ငယ်မယားပေါ့၊ ဘုရင်မဖြစ်ခင်ကတည်းက အတူနေတဲ့သူတွေကိုခေါ်တယ်။ ဘုရင်ဖြစ်သွားတဲ့အချိန်ကျရင် သူတို့ကို မိဖုရားအဖြစ် ဘွဲ့တွေချီးမြှင့်တယ်' ဟု မင်းတုန်းမင်း၏ တီ-တော်စပ်သူ ကိုထိပ်တင်အောင်က ပြောသည်။



## ပုဂံမင်းကို ပုန်ကန်သူ

သာယာဝတီမင်း၏ မိဖုရားခေါင် ကျပန်းမင်းသမီးသည် သားတော်ပုဂံမင်းကို ထီးနန်းရစေလိုသောကြောင့် မဟုတ်မမှန် ကုန်းချောကြံစည်သဖြင့် ပြည်မင်းနှင့် သားတော် ၄ ပါးတို့ စတေးခံလိုက်ရသည်။ နောက်တစ်နှစ်အကြာတွင် သာယာဝတီမင်း နတ်ရွာစံသောအခါ ပုဂံမင်းက နန်းတက်ပြီးနောက် တရုတ်မော်မင်းသားနှင့် အပေါင်းအပါ ၁၀၀ ဦးခန့်ကို မီးလောင်တိုက်သွင်းခဲ့သည်။သူ၏ မယ်တော်အကူအညီဖြင့် နန်းလျာများကို သုတ်သင်ရှင်းလင်းခဲ့ရာ မင်းတုန်းမင်းနှင့် ကနောင်မင်းသားတို့သာ အသက်မသေ ကျန်ရစ်သည်။ သူတို့ကိုလည်း ပုဂံမင်းက မသင်္ကာဖြစ်ကာ အပြစ်ရှာသဖြင့် မင်းတုန်းမင်းနှင့် ကနောင်မင်းသား ညီအကိုနှစ်ပါးမှာ ရွှေဘိုသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထိုသို့ အပြစ်ရှာနေသည်ကို သတင်းပေးသူမှာ နောင်မင်း၏ သမီးတော် စမ္မာနဂိုရ်မင်းသမီးဖြစ်သည်။ ထိုအချိန်က မင်းတုန်းမင်း သည်လည်း ပုဂံမင်း၏ ညီမတော် တစ်ပင်တိုင် မင်းသမီးဖြစ်သည့် စကြာဒေဝီနှင့် ရည်ငံနေကြသည်။ စကြာဒေဝီသည် စာပေကျမ်းဂန် နှံ့စပ်သူ၊ ဗေဒင်ကိန်းခန်းတတ်ကျွမ်းသူဖြစ်၍ အပြစ်ရှာနေသည် ဆိုသော သတင်းမှန်မမှန် မင်းတုန်းမင်းက မေးမြန်းတိုင်ပင်သည်။မင်းတုန်းမင်းအား ထီးနန်းရယူရန် ကြိုးပမ်းလျှင် အောင်နိုင်မည်ဟု အကြံပြုသဖြင့် ပုဂံမင်းကို တော်လှန်ပုန်ကန်ရာ အောင်မြင်ခဲ့သည်။ အောင်မြင်သောအခါ မင်းတုန်းမင်းက စကြာဒေဝီကို မိဖုရားမြှောက်ခဲ့သည်။ အချို့သမိုင်းများတွင် မင်းတုန်းမင်းသည် ပုဂံမင်းက အပြစ်ရှာနေသည်ကို မဖြစ်နိုင်ဟု လက်ခံထားသော်လည်း ထိုကိစ္စမှန်ကန်ကြောင်း ညီတော် ကနောင်မင်း နားချပြောဆိုမှသာ လက်ခံခဲ့သည်ဟု မှတ်သားမိပါသည်။

## မယ်တော် အုတ်ဂူ

မင်းတုန်းမင်းသည် ပုဂံမင်းကို အောင်နိုင်ပြီးနောက် အမရပူရတွင် ၂ နှစ်ခန့်စံမြန်း၍ မန္တလေးတောင်တော်ရှိရာ၌ မြန်မာနှစ် ၁၂၂၁ ခုနှစ်တွင် မြို့နန်းသစ်တည်ထောင်ခဲ့ရာ သူ၏ မယ်တော် ဘဝကူးပြောင်းပြီး ၁၂ နှစ်ကြာမှ ထီးနန်းစံဘုရင်ဖြစ်ခဲ့သည်။ မယ်တော်၏အုတ်ဂူမှာ အမရပူရမြို့၊ ဝါးတန်းရပ်ကွက်(တောင်) အတွင်းရှိသော သကျမုနိဘုရားပရိဝုဏ်အတွင်း၌ ယနေ့တိုင် တွေ့မြင်နိုင်သည်။ယခု(မြန်မာနှစ် ၁၃၈၆ ခု နှစ်)ဆိုလျှင် ၁၇၈ နှစ်ရှိပြီဖြစ်သော ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်လေသည်။ မယ်တော်အုတ်ဂူ ပတ်ဝန်းကျင်တွင် လူနေရပ်ကွက်နေအိမ်များ ပတ်ချာလည်ရှိနေသဖြင့် လူသိနည်းအရောက်အပေါက်နည်းသည်ဟု ဆိုချင်သည်။

'ကျုပ်တို့မမွေးခင်ကတည်းက တောကြီးမြေဟောက်တွေရှိတယ်။လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က မယ်တော်အုတ်ဂူနားမှာ လင်းမြွေနှစ်ကောင် နေတယ်။ ရပ်ကွက်ထဲလျှောက်သွားကြတော့ မသိတဲ့သူတွေက သတ် မှာစိုးလို့ ခြောက်လွှတ်ရတယ်။၃ နှစ်လောက်ကြာတော့ မရှိတော့ဘူး။သတ်လိုက်လို့လား မသိဘူး။ ဒီနေရာကို သကျမုနိ ရှင်ပင် ကျန်ရစ်နဲ့ မယ်တော်အုတ်ဂူရှိလို့ သချိုင်းတော်လို့ အမည်သုံးမျိုးရှိတယ်။ ကျုပ်တို့လည်း မဟာဂန္ဓာရုံဆရာတော် ဦးကုန္ဒလ တရားခွေထဲနာပြီးမှသိတာ။မင်းတုန်းမင်းရဲ့ ဆွေတော်မျိုးတော်တွေလာပြီး ပူပြင်တာတွေရှိတယ်' ဟု ထိုဘုရားဝင်းမြောက်ဘက်ပေါက်တွင်နေထိုင်ပြီး နေ့စဉ်သန့်ရှင်းရေးကုသိုလ်ပြုနေသူ အသက် ၇၀ ကျော် အရွယ်ရှိ ဦးသိန်းဦးက ပြောသည်။

မင်းတုန်းမင်းမယ်တော်မှာ ပုဂံဘုရင်ခံ၏ သမီးတော်၊ သာယာဝတီမင်း(ရွှေဘိုမင်း)၏ တောင်ဆောင်တော် မိဖုရား၊ ကျောက်မော်မြို့၊ မြန်အောင်မြို့စား သီရိသုစန္ဒာမင်္ဂလာမဟေသီဖြစ်သည်။ကနောင်မင်း၏ မယ်တော်လည်းဖြစ်၍ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့သည် ညီအကိုတော်စပ်ကြသည်။ မြန်မာနှစ် ၁၂၀၈ ခုနှစ်တွင် ကံတော်ကုန်သည်ဖြစ်၍ ပုဂံမင်းထီးနန်းစံသည့်နှစ်ဖြစ်သည်။ အခမ်းအနားဖြင့် ကောင်းမွန်စွာ သင်္ဂြိုလ်ပြီး အထိမ်းအမှတ်အဖြစ် လှိုင်ခံစေတီတည်ဆောက်ထားသည်။သကျမုနိစေတီ၏ အရှေ့ဘက်တွင် အမြင့်ပေ ၂၀ ခန့်၊ အရှေ့အနောက် အလျား ၉ ပေခန့်၊ တောင်မြောက် အနံ ၅ ပေခန့်ရှိမည်ဟု ခန့်မှန်းရသည့် အုတ်ဂူမှာ မင်းတုန်းမင်းမယ်တော် အုတ်ဂူဖြစ်သည်။ အုတ်ဂူအဝင်ဝ မုခ်ဦးရှိ၍ ဘေးပတ်လည်မှ ၈ ပေကျော် အမြင့်ရှိ အုတ်ရိုးများဖြင့် ကာရံထားသည်။

'ဒီကျောက်စာက ကျုပ်တို့ မမွေးခင်ကတည်းက ဘုရားရှေ့မှာ ရှိနေတာ။ မယ်တော်အုတ်ဂူမှာ မရှိဘဲ ဒီနေရာရောက်နေတာ ဘာလို့ လည်းတော့ မသိဘူး။ ငယ်ငယ်က ရှေးဟောင်းက လူတစ်ယောက် ဒီမှာ နေ့တိုင်းလိုလိုလာတယ်။ သန့်ရှင်းရေးလုပ်တာမရှိဘဲ ဟိုအိမ် ဒီအိမ်ဝင်ပြီး လက်ဘက်ရည်သောက်ပြန်တာပဲ။ ဒီထဲမှာ မိုးဒဏ်ကြောင့် တစ်ချို့အုတ်ရိုးတွေက ပြိုကျသွားနိုင်လို့ လိုအပ်တာ လုပ်ပေးရင် ကောင်းမယ်'ဟု ဘဘဦးသိန်းဦးက အကြံပြုသည်။



ကျောက်စာမှာ အုတ်ဂူ(သို့မဟုတ်)အုတ်ဂူအနီးတွင် စိုက်ထူထားခြင်းမရှိဘဲ သကျမုနိဘုရားအရှေ့ဘက်မုခ်အဝင်ဝတွင် တွေ့ရသည်။ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားပြီး အပေါ်ဆုံးစာကြောင်းများတွင် KING MINDON ' S MOTHER, TAUNGSANUN GDAW QUEEN, DEAD AT AMARAPUPA ဟု စာကြောင်း ၄-ကြောင်းရေးထိုးပြီးမှ မြန်မာစာတန်းဖြင့် 'မင်းတုန်းမင်းမယ်တော်'ဟု ခပ်ကြီးကြီး ရေးထိုးပြီးအောက်မှ စာကြောင်းများမှာ သာယာဝတီမင်း၏ တောင်ဆောင်တော်မိဖုရား၊ နတ်ပြည်စံနှစ် ၁၂၀၈ ခုနှစ်တွင် အမရပူရမြို့တွင် နတ်ပြည်စံတော်မူသည်ဟု ရေးထိုးထားသည်ကို တွေ့ရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ မှတ်တမ်းတွင်'မင်းတုန်းမင်း အုတ်ဂူဘုရား'ဟု မှတ်တမ်းတင်ထားပြီး တည်နေရာမှာ အမရပူရမြို့နယ်၊ ဝရမ်းတောင်ရပ်ကွက်၊ အရှေ့ဘက်တွင် ကွမ်းသီးတန်းရပ်ကွက်နှင့် မန္တလေး-စစ်ကိုင်းကား လမ်းရှိကာ ပေ ၂၀၀ ပတ်လည်ခန့် ကျယ်ဝန်း၍ အမရပူရ ခေတ်လက်ရာ လှိုင်ခံစေတီ အမျိုးအစားဟု ပါရှိသည်။

ဗိသုကာအနုလက်ရာမှာ မင်းတုန်းမင်းမယ်တော် အုတ်ဂူဘုရားသည် တောင်ဘက်ဝင်ပေါက်ပါ လှိုင်ခံစေတီငယ်ဖြစ်ပြီး အုတ်နံရံပတ်လည်တံတိုင်းအတွင်း တည်ဆောက်ထားသည်။ တိုက်မအထက်၌ ရှစ်မြှောက်ခံကာ စေတီပေါက်ထားသည်။ တိုက်မအထက်ထောင့်များတွင် ကြာသွပ်အိုးများနှင့် အထက်တွင် ကြာများ၊ အင်္ဂတေပန်းများဖြင့် အလှဆင်ထားသည်ဟု မှတ်တမ်းပြုစုထားသည်။

အမရပူရဟုဆိုလျှင် ပုဂံမင်းလက်ထက်က တောင်သမန် ဦးပိန်တံတားကို သတိရကြသည်။ အခြားအခြားသော အမရပူရခေတ်ဦး ဖြစ်သည့် မြန်မာနှစ် ၁၁၄၄ ခုနှစ်က ရှိခဲ့သည့် ရှေးဟောင်း အဆောက်အအုံနှင့် စေတီဘုရားများကို မေ့လျော့နေကြသည်။ အစားမထိုးနိုင်အောင် တန်ဖိုးကြီးမားသော ရှေးခေတ်လက်ရာ နှင့်ယဉ်ကျေးမှုများသည် မြန်မာတို့၏ လက်မှုအနုပညာ၊ ဗိသုကာပညာကို ဖော်ကြုံးထားသည်ဖြစ်ရာ ဂုဏ်ယူစွာဖြင့် ထိန်းသိမ်းကြရမည်ဟု ဆိုချင်ပါတော့သည်။

**ကိုးကား- ကုန်းဘောင်ရာပုံတော် (ညီမြ)**





## အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**တောင်ကြီး ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြ့က ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထွန်းက ကျောင်းသား၊ ကျောင်းသူများကို စာပေဗဟုသုတ ကြွယ်ဝစေရန်အတွက် "စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပြီး အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဌေးက "လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် သိကောင်းစရာများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာပေလေ့လာဖတ်ရှုနိုင်ရေး စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာစာကြည့်တိုက် ပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းပန် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့ မွန်းလွဲ ၂ နာရီက ပိုးလိုင်းကျေးရွာအုပ်စု၊ တုံတစ်ကျေးရွာစာကြည့်တိုက်အား မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လှိုင်မြတ်၊ အတွင်းရေးမှူး ဒေါ်အိရွှေစင်လတ်နှင့် အဖွဲ့ဝင်များက ကျေးရွာစာကြည့်တိုက်အတွင်း သန့်ရှင်းရေးနှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဝင်များက ကျေးရွာစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၊ တာဝန်ခံများထံသို့ စာအုပ်များပေးအပ်လှူဒါန်းပြီး ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် စာအုပ်၊ စာစောင်များ ငှားရမ်းဖတ်ရှုနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စာအုပ်၊ စာစောင်များ မပျောက်ပျက်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ခံများနှင့် အဖွဲ့ဝင်များက ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်လိုအပ်ကြောင်း မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌက မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**မြို့နယ်(ပြန်/ဆက်)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်

### ရိုးသားစွာ ကြိုးစားပါ

- မိဘဆရာ ဆုံးမစကား
အလေးထားလိုက်နာပါ
အတတ်ပညာဗဟုသုတ
ရှာကြစေရာ။
- အခက်အခဲတွေ မမှုပါ
ကြိုးစားလို့ ရှေ့ဆက်မယ်
ရည်ရွယ်ရာ ပန်းတိုင်အရောက်
လှမ်းလျှောက်စို့ကွယ်။
- ငွဲလုံ့လ ဝီရိယရယ်
သိကြကွယ် မမိုက်မှား
ဒုစရိုက် အမှောင်ကင်းလို့
ရှောင်ကွင်းလို့သွား။
- ရွှေမျက်နှာပြုံးမြမြထား
မုန်းမပြေမေတ္တာမူ
ကရုဏာမေတ္တာဓာတ်နဲ့
မြင့်မြတ်တဲ့လူ။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ် ၁၀ မြို့နယ်ရှိ မိုးမြေပဲစိုက်တောင်သူများအတွက် လိုအပ်သည့်သွင်းအားစုပံ့ပိုးပစ္စည်းများ ဖြန့်ဖြူးပေးထား

**မန္တလေး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၀ မြို့နယ်ရှိ မိုးမြေပဲစိုက်ပျိုးကြမည့် တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လိုအပ်သည့်သွင်းအားစုပံ့ပိုးပစ္စည်းများကို ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ် ၁၀ မြို့နယ်ရှိ တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးမြေပဲများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ညီမျှသည့် သွင်းအားစုပံ့ပိုးပစ္စည်းများကို ဖြန့်ဖြူးဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ယင်းသွင်းအားစု ပံ့ပိုးပစ္စည်းများကို မိုးမြေပဲ စိုက်ဧက ၃၉၀၀၀ အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးမြေပဲစိုက်ပျိုးထုတ်လုပ်ကြမည့် မြို့နယ်အလိုက် စိုက်ပျိုးဧကများသည် မလှိုင်မြို့နယ်တွင် ၂၅၀၀ ဧက၊ ညောင်ဦးမြို့နယ်တွင် ဧက ၃၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၃၅၀၀ ဧက၊ တံတားဦးမြို့နယ်တွင် ၁၄၅၀၀ ဧက၊ မိတ္ထီလာမြို့နယ်တွင် ၂၅၀၀ ဧက၊ သာစည်မြို့နယ်တွင် ဧက ၁၀၀၀၊ ဝမ်းတွင်းမြို့နယ်တွင် ဧက ၆၁၀၀၊ ရမည်းသင်းမြို့နယ်တွင် ၂၇၀၀ ဧက၊ ပျော်ဘွယ်မြို့နယ်တွင် ၂၂၀၀ ဧက၊ ငါန်းဇွန်မြို့နယ်တွင် ဧက ၃၀၀၀ စုစုပေါင်းမိုးမြေပဲ စိုက်ဧက ၄၁၀၀၀ တို့အတွက် ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၇၃)**



## သတင်းပဒေသာ

### ပင်စင်လစာငွေများ ပုံမှန်ထုတ်ပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၌ အငြိမ်းစား ဝန်ထမ်းများ၏ ဩဂုတ်လအတွက် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်တွင် ဩဂုတ် ၂၁ရက် နံနက် ၆ နာရီမှ စတင်၍ ထုတ်ပေးလျက်ရှိရာ ရပ်ကွက်ကျေးရွာများမှ ပင်စင်စားများအား နေ့အလိုက်ခွဲခြားသတ်မှတ်၍ ပင်စင်လစာငွေများကို ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စားသုံးဆီများ စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဒေသခံ ပြည်သူများအား စားသုံးဆီများစျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် ဩဂုတ် ၂၁ရက် နံနက် ၇ နာရီက မြို့မစျေးအပြင်ဘက်ရှိ စိန်ရတနာဆီဆိုင်(၂)ဆိုင်နှင့် ဦးလှသော်ဆီဆိုင်များ၌ ရောင်းချပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ ဌာနဆိုင်ရာများသည် စစ်ကြောင်း(၅)ကြောင်းဖြင့် နောင်ခဲကျေးရွာအုပ်စု၊ နောင်ခဲကျေးရွာနှင့် ပင်တွန်ကျေးရွာအုပ်စု၊ ထီပုန်းကျေးရွာများသို့ ဩဂုတ် ၂၁ရက် နံနက် ၉ နာရီက သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

စစ်ကိုင်းခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့် အခြေခံစက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၁ရက် နံနက် ၁၀နာရီက အဆိုပါ ရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပုံပြင်ပြောနှင့် သချာၤဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကလေးများအား စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ကာယဉာဏဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆိုပါ ရုံးရှိ (Community Center)ခန်းမ၌ ပုံပြင်ပြောပြိုင်ပွဲနှင့်သချာၤဉာဏ်စမ်းပြိုင်ပွဲများကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အငြိမ်းစားပင်စင်လစာငွေများ ထုတ်ပေး

ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် မြန်မာ့စီးပွားရေး ဘဏ်၌ ဩဂုတ် ၂၁ရက် နံနက် ၈ နာရီခွဲက စတင်ကာ အငြိမ်းစားပင်စင်လစာငွေများ စတင်ထုတ်ပေးလျက်ရှိပြီး ဘဏ်ပင်စင်စား၊ မြို့ပြပင်စင်စားနှင့် ကာကွယ်ရေးပင်စင်စားများ လာရောက်ထုတ်ယူလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ကျေးရွာစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီက စဥ့်ဝင်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ "စာပန်းခင်း"ကျေးရွာ စာကြည့်တိုက်အား ဦးစီးအရာရှိဒေါ်နန်းမိုခမ်းက ကျေးရွာစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဝင်များနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူရန် ငွေများ လာရောက်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၃**

မန္တလေး၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်နှင့် ချိတ်ဆွဲရန်ရတနာပစ္စည်းများ၊ရွှေထည်များ လာရောက်လှူဒါန်းလျက်ရှိသည်။ ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့နေ ဖခင်ကြီးဦးမျိုးအောင်(ပြည်) အားရည်စူး၍ မိခင်ကြီးဒေါ်စန်းအိ မိသားစုက ရွှေသင်္ကန်းကပ်လှူရန် ငွေကျပ် ၁၀ သိန်းတို့ကို မဟာမုနိ ဘုရား မိုးကောင်းမွှာရုံတွင် လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူးဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်ဦးကျော်ကျော်ဦး တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေး အပ်သည်။



မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ဘက်စုံပြုပြင်ရန်၊ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁၀၀၀၀၀၇၅၀နှင့် ဖုန်း- ၀၉-၄၄၄၀၄၄၄၇၅၊၀၉-၄၀၂၅၉၉၉၁၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ဝဲပုံ) (ကဆ)**

## သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ရန် မလွန်စျေးဆန်လှူအသင်းသို့ ငွေပဒေသာပင် စိုက်ထူ

**မန္တလေး ဩဂုတ် ၂၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းရှိ မလွန်စျေးဆန်လှူအသင်းကြီးမှ ဦးဆောင်၍ စစ်ကိုင်း၊မင်းဝံ၊မင်းကွန်း၊တောင်ရိုးကြီး(၃)ရပ်နှင့် မန္တလေးခရိုင် (၇) မြို့နယ်ရှိသက်တော်(၈၀)၊ ဝါတော်(၆၀)အထက် သက်တော်ရှည်ဆရာတော်ကြီးများနှင့် အဘိဓဇမဟာရဋ္ဌဂုရု၊အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နှစ်စဉ်မပျက်ပူဇော်လျက်သည်။

သက်တော်ရှည်ဆရာတော်ကြီးများပူဇော်ရန် ရာသက်ပန်ငွေပဒေသာပင်လှူဒါန်းလျက်ရှိရာ ဩဂုတ်၂၂ ရက်က ချမ်းအေးသာစံမြို့နယ်၊ မလွန်ထုံးတန်းနေ ဒေါ်အုန်းတင်အားရည်စူး၍ အသင်းအမှုဆောင်ဦးသန်းမောင် မိသားစုက ငွေကျပ်နှစ်သိန်း၊ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားနေ ဦးအေးအေး(ခတု)+ ဒေါ်သန်းအေး မိသားစုက တတိယအကြိမ် ငွေကျပ် လေးသိန်းတို့ကို လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌဦးစိန်ဝင်း၊အတွင်းရေးမှူးဦးကြည်ဝင်းနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**




ငွေပဒေသာပင်လှူဒါန်းလိုပါက မလွန်စျေးဆန်လှူအသင်း၊ ၃၂ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၉-၇၈၀၆၆၈၅၀၀နှင့် မြန်မာ့စီးပွားရေးဘဏ်(၃)ငွေစာရင်းအမှတ် SF-000390,SF-၀၀၀၆၀၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**(၀၄၅)**



## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ပင်စင်လစာငွေများ ထုတ်ပေး

**စဥ့်ကိုင် ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်စားများအား ပင်စင်လစာငွေများကို ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီက စတင်ကာ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များ ပင်စင်ထုတ်ယူရာတွင် အဆင်ပြေစေရေးအတွက် ဩဂုတ် ၂၁ ရက်မှ ၃၀ ရက်အထိ စဥ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပင်စင်စားများအား နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပင်စင်စားမိဘပြည်သူများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့ရက်များတွင် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လိုအပ်သည့်အထောက်အထားများဖြင့် ထုတ်ယူနိုင်သည်။

မြို့နယ်အတွင်း၌ မြို့ပြပင်စင် ၃၃၅ ဦး၊ ကာကွယ်ရေးပင်စင် ၁၀၆ ဦး၊ နိုင်ငံရေးပင်စင် ၄၂ ဦး စုစုပေါင်း ၄၈၃ ဦး တို့အား ထုတ်ပေးခဲ့ပြီး ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များကိုလည်း နောက်ရက်များတွင် ပင်စင်လစာများကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၃၉၉)**

## စျေးသည်များ စားသောက်ရေးအဆင်ပြေစေရန် ဆန်များ ထောက်ပံ့ပေးအပ်

**ညောင်ဦး ဩဂုတ် ၂၃**

ရန်ကုန်မြို့၊ ဝေမျှခြင်း ပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ မွေ့ရုံကြီးဘုရားအနီးတွင် ဒေသထွက်ပစ္စည်းများ ရောင်းချနေသော စျေးသည်များ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဩဂုတ် ၂၂ ရက်၊ နံနက်ပိုင်းက ဆန်များ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ ထောက်ပံ့ရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက မွေ့ရုံကြီးဘုရားအနီးရှိ စျေးသည်အိမ်ထောင်စု ၄၀ အား စားသောက်ရေး အဆင်ပြေစေရန်အတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်တစ်ပြည်စီ စနစ်တကျ ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတ၊ရေလှူအဖွဲ့အနေဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ဝင်ငွေနည်းအိမ်ထောင်စုများနှင့် အလုပ်အကိုင်နည်းပါးသော စျေးသည်များအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည့် အခြေခံစားကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း၊ အလှူငွေများ လှူဒါန်းခြင်း၊ ဇီဝိတဒါနအဖြစ် ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာ စားသောက်ဖွယ်ရာများ ထောက်ပံ့လှူဒါန်းခြင်းတို့ကို စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိကြောင်း အဆိုပါ ဝေမျှခြင်း ပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းထံက သိရသည်။

**(၄၄၅)**

**မျက်စိလျှကြ မျက်ကြည်ရ မြတ်သည့် လှူဒါန ။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Big Mkrittarit က The World Highest Award 2024 ရရှိထား



ထိုင်းအနုပညာရှင် ဘစ်မတ်ရီတာရစ်သည် ၂၀၂၄ ခုနှစ်တွင် The World Highest Award 2024 အကောင်းဆုံး ဖန်တီးမှု အနုပညာရှင်ဆု ရရှိထားပြီး အနုပညာလောကသို့ ပြန်လည်ဝင်ရောက်လာသည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

ဘစ်မတ်ရီတာရစ်သည် ကံမကောင်းမှုများစွာနှင့် ကြုံခဲ့ရပြီးနောက် အောက်ဆုံးထိ စိတ်ဓာတ်ကျခဲ့သော်လည်း ယိုင်လဲမှုမရှိဘဲ သူ၏အတတ်ပညာနှင့် အနုစိတ်လက်ရာများကို ဖန်တီးခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဆု The World Highest Award 2024 ဆုကို ပေးအပ်ခံခဲ့ရသည်။

ဘစ်မတ်ရီတာရစ်၏ အနုပညာလက်ရာ ဖန်တီးမှုပုံတော်နှစ်ခုမှာ သူကိုယ်တိုင် အနုစိတ်ဖန်တီးထားခြင်းဖြစ်ပြီး ဂီတဘက်တွင်လည်း အောင်မြင်မှု ရရှိထားကာ ဒရမ်မာရိုက်ကူးခြင်းအတွက်လည်း ကမ်းလှမ်းခံထားရသည်။ (SKY)

******

## ကိုယ်ခန္ဓာထဲသို့ ဖလူရိုက် ပိုမိုဝင်ရောက်လာလျှင် ကလေးသူငယ်များ ဉာဏ်ရည်နိမ့်မည်ဟု ဆို



ဖလူရိုက်သည် ရေနှင့်မြေဆီလွှာအတွင်း သဘာဝအလျောက် စိမ့်ဝင်ရောက်ရှိနေသော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်ပြီး ၄င်းကို လွန်ခဲ့သော နှစ် ၈၀ ခန့်က အမေရိကန်သိပ္ပံပညာရှင်များ တွေ့ရှိခဲ့ကြသည်။

ဖလူရိုက်သည် သွားပျက်စီးခြင်းကို ကာကွယ်နိုင်သည်ဆိုသဖြင့် မီချီဂန်ပြည်နယ်၊ ဂရန်းရပစ်မြို့တွင် ၁၉၄၅ ခုနှစ်က အများသုံးသောက်ရေထဲ၌ ၄င်းကို ထည့်သွင်းခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံးတွင် ရေပေးရေးစနစ်အတွင်း ဖလူရိုက်ထည့်သွင်းရန် အစိုးရအာဏာပိုင်များက အတည်ပြုထောက်ခံခဲ့ကြသည်။

ယခုနောက်ပိုင်း၌ သွားတိုက်ဆေးများထဲ၌ ဖလူရိုက် ထည့်သွင်းပြီး တွင်ကျယ်စွာအသုံးပြုလာကြသည်။ ယင်းဖလူရိုက်က လူ့ကျန်းမာရေးအပေါ်အကျိုးသက်ရောက်ပုံအကြောင်း အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီ အက်ရ်လေမာလင် ဦးဆောင်သော သိပ္ပံပညာရှင်များ မကြာသေးမီက သုတေသနပြုလေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ ကိုယ်ခန္ဓာထဲသို့ ဖလူရိုက် ပိုမိုဝင်ရောက်လာလျှင် အထူးသဖြင့် ကလေးသူငယ်များ၏ ဉာဏ်ရည်နိမ့်မည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Jung Gyu Woon ကို Red Swan မှ ဗီလိန်ဇာတ်ရုပ်နှင့် ပရိသတ်အားပေးမှုရ

၂၀၂၄ ခုနှစ်တွင် ထွက်ရှိခဲ့သည့် ဇာတ်လမ်းတွဲ Red Swan တွင် ဗီလိန်ဇာတ်ရုပ်နှင့် သရုပ်ဆောင်ထားသည့် ဂျောင်ဂူဝမ်ကို ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွင် ရိန်း၊ ကင်ဟာနူးတို့ အဓိကပါဝင်၍ ဂျောင်ဂူဝမ်က ဗီလိန်နေရာမှ ပါဝင်ထားကာ အမျိုးသမီးထု ပရိသတ်ကြား ရေပန်းစားခဲ့သည်။

နာမည်ကြီးပရဟိတလုပ်ငန်းများနှင့် ဖောင်ဒေးရှင်း ထူထောင်ထားသော ကမ္ဘာကျော် ဟွာအင်လုပ်ငန်းစုအတွင်းသို့ ဂေါက်သီးကစားသမားနှင့် ကိုယ်ရံတော်တို့ ရောက်ရှိခဲ့ကြပြီး ရှုပ်ထွေးမှုများ ဖြေရှင်းကြပုံကို ရိုက်ကူးထားကြခြင်း ဖြစ်သည်။

ဂျောင်ဂူဝမ်မှာ ဗီလိန်ခန်းမှ ပါဝင်ထားပြီး အပိုင်း(၈)တွင် ဇနီးသည်ကို အချစ်စစ်နှင့် ချစ်သော်လည်း အချစ်မခံရ၍ ချစ်ရမှန်းမသိသူအဖြစ် ပြသထားရာ ပရိသတ်များ သဘောကျနှစ်ခြိုက်မဆုံးဖြစ်ခဲ့ကြရပြီး မျက်ရည်မဆည်နိုင်ဖြစ်အောင် သရုပ်ဆောင်ပြခဲ့သည်။ (SKY)




## Deepika Padukone ကို အိန္ဒိယရုပ်ရှင်ဘုရင်မဟု သတ်မှတ်ခံရ



အိန္ဒိယမီဒီယာနှင့် ပရိသတ်များက အိန္ဒိယရုပ်ရှင်လောက၏ ဘုရင်မဟု ဒီပီကာပါဒူဝမ်ကို သတ်မှတ်ခဲ့ကြသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဒီပီကာပါဒူဝမ်ကို ထိုသို့ သတ်မှတ်ခဲ့ရသည့်အကြောင်းရင်းမှာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရုပ်ရှင် လေးကား ရုံတင်ပြသခဲ့ရာ သူ၏ ဇာတ်ကား လေးကားစလုံး စံချိန်တင်ဝင်ငွေရလဒ်နှင့် အောင်မြင်ခဲ့ရာတွင် Kalki, Fighter Jawanနှင့် Pathaan တို့ ပါဝင်ခဲ့သည်။

လက်ရှိ ဒီပီကာပါဒူဝမ်မှာ ပထမဆုံးရင်သွေးလေးကို မွေးဖွားတော့မည်ဖြစ်ပြီး ကလေးမွေးပြီး Pathaan 2, Kalki 2 နှင့် Bhramastra 2 တို့ကို ရိုက်ကူးဖို့ရှိကာ အဂျေးနှင့် ရိုက်ကူးထားသည့် Singham 3 ရုပ်ရှင် ထွက်ရှိလာဦးမည် ဖြစ်သည်။ (SKY)

## အိန္ဒိယသရုပ်ဆောင် Brahmanandam Kanneganti သည် ရုပ်ရှင်တစ်ထောင်ကျော်နှင့် စံချိန်ဝင်

အိန္ဒိယသရုပ်ဆောင် ဘရာမာနာဒန်ကန်နီဂါတီသည် ရုပ်ရှင်ဇာတ်ကားပေါင်း တစ်ထောင်ကျော်တွင် ပါဝင်သရုပ်ဆောင်သူအဖြစ် ဂင်းနစ်စံချိန်တင်ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘရာမာနာဒန်ကန်နီဂါတီသည် ဘောလိဝုဒ်အနုပညာလောကသို့ ဆယ်ကျော်သက်အရွယ်နှင့် ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း တစ်ထောင်ကျော်တွင် ပါဝင်သရုပ်ဆောင်ခဲ့သဖြင့် ဂင်းနစ် စံချိန်တင်ထားသူဖြစ်သည်ဟု ဘောလိဝုဒ်အနုပညာလောကမှ မှတ်တမ်းတင်ထားသည်။

သူပါဝင်ထားသည့် ရုပ်ရှင်များတွင် နာမည်ကျော်ကြားလူကြိုက်များခဲ့သော ဇာတ်ကားများစွာရှိပြီး လက်ရှိအချိန်အထိ ရိုက်ကူးနေဆဲဖြစ်ကာ ရုပ်ရှင်ဇာတ်ကားပေါင်း တစ်ထောင်ကျော်နှင့် စံချိန်တင်ထားသူ ဖြစ်ခဲ့သည်။ (SKY)



## Lakshya ကို Kill မင်းသားအဖြစ် စိတ်ဝင်စားနေကြ

ဘောလိဝုဒ် ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားဖြစ်လာသည့် Kill ရုပ်ရှင်နှင့် မင်းသား လပ်စ်ရှယားကို ပရိသတ် စိတ်ဝင်စားနေကြပြီး တိုက်ဂါးရှော့ဖ်နေရာ အစားထိုးနေကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လပ်စ်ရှယားကို ၁၉၉၆ ခုနှစ်တွင် မွေးဖွားခဲ့၍ အသက် ၂၈ နှစ်ရှိပြီဖြစ်ပြီး Kill ရုပ်ရှင်သည် သူ၏ ပထမဆုံး ဘောလိဝုဒ်ရုပ်ရှင်ဖြစ်သော်လည်း အသက် ၂၂ နှစ်နှင့် သရုပ်ဆောင်လောကသို့ ဝင်ခဲ့သူဖြစ်သည် ။

အနုပညာမျိုးဆက်များကို မွေးဖွားနေသူ ကရန်းဂျိုဟာက လပ်စ်ရှယားကို မင်းသားတင်ရန် ၂၀၁၉ ခုနှစ်တွင် စာချုပ် ချုပ်ထားပြီး ရုပ်ရှင်သုံးကား ရိုက်ပေးထားသည်။

ရှာရွတ်ခန်သား အာရန်ခန်ကိုယ်တိုင် ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာလုပ် ရိုက်ကူးထားသည့် ဝဘ်စီးရီးရုပ်ရှင်တွင်လည်း လပ်စ်ရှယားပါဝင်ထားပြီး ချစ်သူမရှိသေးသော်လည်း ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်နေသည်။ (SKY)




## 2NE1အဖွဲ့ Kpop သမိုင်းတွင် အကောင်းဆုံးကေပေါ့ပ်ဘုရင်မများ အမည်ရထား



ကေပေါ့ပ်သမိုင်းတွင် Kpop Queen များအဖြစ် 2NE1 အဖွဲ့ကို အမည်ပေးထားကြရာမှ ၂၀၂၄ ခုနှစ်တွင် ပြန်လည်မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်စိတ်ဝင်စားနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကေပေါ့ပ်သမိုင်းတွင် အကောင်းဆုံးဖျော်ဖြေတင်ဆက်မှုများကြောင့် ပရိသတ်များသာမက ပြည်သူများကပါ အသိအမှတ်ပြုခံထားရသည့် မိန်းကလေးအဆိုတော် လေးဦးပါဝင်သည့် 2NE1 အဖွဲ့ကို ကေပေါ့ပ်ဘုရင်မများအဖြစ် အမည်ပေးထားကြသည်။

2NE1 သည် ၁၅ နှစ်ကြာ အထိမ်းအမှတ်အဖြစ် သုံးကြိမ်မြောက် ဂလိုဘယ်တာဝါကို ၂၀၂၅ ခုနှစ်လယ် မကုန်မီအထိ ပြုလုပ်သွားရန် လေးဦးသား ပြင်းပြင်းထန်ထန် လေ့ကျင့်နေပြီး တစ်ကိုယ်တော်နှင့် အဖွဲ့လိုက် ဖျော်ဖြေမှု ပြုလုပ်ကြမည် ဖြစ်သည်။ (SKY)

# ပြည်ပမှ စက်သုံးဆီသင်္ဘောများ အစီအစဉ်အတိုင်း ဆိုက်ကပ်လျက်ရှိပြီး ပုံမှန်ဖြန့်ဖြူးမှုအပြင် တိုးမြှင့်ဖြန့်ဖြူးမှုကြောင့် အရောင်းဆိုင်များ၏ဖြန့်ဖြူးမှု ပုံမှန်အခြေအနေသို့ရောက်ရှိခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း ယခင်ထက်လျော့နည်းကျဆင်း










နေပြည်တော် ဩဂုတ် ၂၃

စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီသည် ပြည်တွင်းစက်သုံးဆီ လက်ကျန်အခြေအနေအရ ဖူလုံစွာဖြန့်ဖြူးနိုင်ရန်အတွက် ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများအား Shipment Plan အစီအစဉ်အတိုင်း အဆက်မပြတ်ဝင်ရောက်နိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြစ်ဝ Pilot ၌ ဆီတင်သင်္ဘောခြောက်စင်း ရောက်ရှိအသင့်စောင့်ဆိုင်းလျက်ရှိသည့်အပြင် သီလဝါဆိပ်ကမ်းဒေသရှိ Jetty များတွင်လည်း သင်္ဘောလေးစင်း ရောက်ရှိဆိုက်ကပ်၍ ဒီဇယ်ဆီတန် ၇၀၀၀၀ ကျော်နှင့် ဓာတ်ဆီတန် ၁၁၀၀၀ ကျော်အား သိုလှောင်ကန်များတွင် ချယူဖြည့်တင်းလျက်ရှိသည့်အပြင် ထပ်မံဝင်ရောက်လာမည့် ဆီတင်သင်္ဘောများလည်း အစီအစဉ်အတိုင်း ဝင်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ်များသို့ ပို့ဆောင်မည့်ဆီတင်ယာဉ် Bowser များ အချိန်မီထွက်ခွာနိုင်ရေး သီလဝါသိုလှောင်ကန်စခန်းများရှိ ဆီဖြည့်တင်းပေးမှုများ အဆင်ပြေချောမွေ့စေရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းခရီးအခြေအနေအရ စက်သုံးဆီများ သယ်ယူပို့ဆောင်မှု ပုံမှန်ထက်အနည်းငယ်နှောင့်နှေးကြန့်ကြာမှုကြောင့် အဓိကအားဖြင့် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီအရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများ ဖြစ်ပေါ်ခြင်းအား လျော့နည်းသွားစေရန်နှင့် အရောင်းဆိုင်များတွင် ဆီပြတ်လပ်မှု မရှိစေရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဆိုင် ၁၀၀ ခန့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဆိုင် ၂၀၀ ခန့်၊ မန္တလေးတိုင်းဒေသကြီးရှိ ဆိုင် ၇၀၀ ခန့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆိုင် ၂၅၀ ခန့်တို့အပါအဝင် နိုင်ငံအဝန်း အရောင်းဆိုင် ၃၀၀၀ ကျော်တို့သို့ ဆီတင်ယာဉ် ၁၀၀၀ ကျော်အထိ တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပြီး လိုအပ်သည့်အရောင်းအဆိုင်များသို့ အရေးပေါ် Urgent နှင့် အထူး Special အစီအစဉ်တို့ဖြင့်လည်း ထပ်တိုးဖြန့်ဖြူးခဲ့ရာ ယနေ့အထိ ဓာတ်ဆီနှင့် ဒီဇယ်ဆီ စုစုပေါင်းဂါလန်သုံးသန်းခန့် ပိုမိုဖြန့်ဖြူးပေးခဲ့သည့်အပြင် ဆီတင်ယာဉ်(Bowser)များ အရောင်းဆိုင်များသို့ အချိန်မီရောက်ရှိ ဖြည့်တင်းနိုင်မှုတို့ကြောင့် ယခုရက်ပိုင်းအတွင်း ယာဉ်တန်းစီဝယ်ယူမှုများ လျော့နည်းကျဆင်းကာ ပုံမှန်ဝယ်ယူမှုအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပြီး ဆက်လက်တိုးမြှင့် ဖြန့်ဖြူးပေးရန် စီစဉ်လျက်ရှိသည်။

ထို့အပြင် အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီအမယ်လိုက် ဈေးနှုန်းများသည်လည်း ယမန်နေ့ထက် အသီးသီးလျော့နည်းကျဆင်းလျက်ရှိကြောင်းနှင့် ပြည်ပမှ စက်သုံးဆီများ အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ကောလာဟလများကြောင့် အများပြည်သူများ လိုအပ်သည်ထက် ပိုမို၍ ဝယ်ယူမှုများပြားသည့်အတွက် လိုအပ်သလောက်သာ ဝယ်ယူကြရန်နှင့် အရေးကြီးအသုံးများသည့် အရောင်းဆိုင်များသို့လည်း ပုံမှန်ဖြန့်ဖြူးမှုထက် ပိုမိုဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ARAKAL" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မိချောင်းအိုင်ကျေးရွာနေ သန်းဇော်ဝင်းအား မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Zaw Linn Htoot" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် စံချိန်မီရပ်ကွက်နေ ဇော်လင်းထွဋ်အား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ "@Moesat May866" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်နေ စုစုတင်အား ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ "@sanphyo" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဇီးချောင်းကျေးရွာနေ အောင်ဖြိုး(ခ)မှန်ကြီးအား ည ၇ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ချောင်းဦးမြို့နယ်ရှိ ပြည်သူ နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်ရှိ ပြည်သူနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ပြီး ချောင်းဦး-ပခုက္ကူသွား လမ်းခွဲတစ်နေရာ၌ ခြေလက်များ ကြိုးတုပ်ထားသည့် အမျိုးသား ရုပ်အလောင်းတစ်လောင်းကို စွန့်ပစ်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများသည် အဆိုပါမြို့နယ်များအတွင်း ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ မကြာခဏလုပ်ဆောင်လေ့ရှိကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဒလန်ဟုစွပ်စွဲ၍ ရက်စက်ယုတ်မာစွာ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများ ကျူးလွန်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်အတွက် အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

## ကျွန်းလှမြို့နယ်စည်ပင်သာယာမှ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကျွန်းလှ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ထောက်ပံ့ရန်ပုံငွေဖြင့် ကျွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်၊ ၎ရွှေဝါလမ်း၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

ထိုကျောက်ချောလမ်းအရှည် ၇၁၀ ပေ၊ အကျယ် ၁၄ ပေ၊ ထု ၉ လက်မကို ခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၇၅၀ သန်းဖြင့် ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကျောက်ချောလမ်းခင်းခြင်းကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပြီး လုပ်ငန်းပြီးစီးပါက ရေစီးရေလာကောင်းမွန်ပြီး ရပ်ကွက်နေပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ရာသီမရွေးသွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ (၄၈၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ တောင်ငူမြို့ ကေတုမတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တောင်ငူမြို့ နယ်မြေခံလေတပ်စခန်းဌာနချုပ် အစည်းအဝေးခန်းမ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက တောင်ငူ ကေတုမတီမြို့ဟောင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအထောက်အထားများ၊ မြို့ဟောင်း မြို့ရိုးနှင့် ကျုံးတို့၏ တည်ရှိမှုအခြေအနေများ၊ ကေတုမတီနန်းတော်နေရာအား ကွင်းဆင်းလျာထား ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့လေးခံတပ်ဆိုင်ရာ အချက်အလက်များ၊ မြို့ရိုးနှင့်ကျုံးကို တူးဖော်သုတေသနပြု ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တောင်ငူအကျဉ်းထောင်သစ် ဆောက်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တောင်ငူမြို့ရှောင် ရထားလမ်း တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပဲခူး - တောင်ငူ မီးရထားလမ်းပိုင်းတွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများနှင့် သွားလာဆက်သွယ်မှုများ ပြတ်တောက်မှုမရှိစေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တောင်ငူမြို့ ကွက်သစ်ဖော်ထုတ်ရေး လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တောင်ငူခရိုင်ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ရိုးနှင့်ပတ်သက်၍ တူးဖော်သုတေသနပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်သူများဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများ ပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့် တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ပြောင်းရွှေ့ရန် လိုအပ်သည့် ဝန်ကြီးဌာန အဆောက်အအုံများကို ပြောင်းရွှေ့သွားရန် လိုကြောင်း၊ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများကို ဥပဒေနှင့်အညီ စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အကျဉ်းထောင်အသစ် တည်ဆောက်မှုနှင့်ပတ်သက်၍ လုံခြုံရေးအရ စနစ်တကျတွက်ချက်၍ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်သွားရန် လိုကြောင်း၊ ရထားလမ်းနှင့် ဘူတာရုံအသစ် တည်ဆောက်ရာတွင်လည်း အစကောင်းမှ အနှောင်းသေချာဆိုသည့်အတိုင်း ရေရှည်တည်တံ့ကောင်းမွန်စေရေး သတ်မှတ် စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းစဉ် အဆင့်အလိုက် အရည်အသွေးပြည့်မီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ မြို့ကွက်သစ်များ ဖော်ထုတ်ဆောင်ရွက်ရာတွင်လည်း လမ်းဘေးဝဲယာ၌ သစ်ပင်များစိုက်ပျိုးနိုင်သည့် Green Area များကိုပါ ကြိုတင်လျာထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ငူဒေသအတွင်း၌ သီးနှံများစိုက်ပျိုးရာတွင် သီးထပ်များစိုက်ပျိုးနိုင်ပါက ဒေသအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လယ်မြေများအား သီးထပ်စွမ်းအား ၂၀၀ ရာခိုင်နှုန်းရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်း လေးသွယ်နှင့်အညီ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက တစ်ဧကချင်းအထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအတွက် စားရေးကို အထောက်အကူပြုစေရေး ဥစားကြက်နှင့် အသားစားကြက်များကို မွေးမြူသကဲ့သို့ ဒေသကြက်များ၊ ဒေသနွား၊ ဒေသဝက်များကိုလည်း စနစ်တကျ အစာကျွေးမွေး၍ ဆောင်ရွက်သွား နိုင်ကြောင်း၊ နို့စားနွားများကိုလည်း တိုးချဲ့မွေးမြူသွားရန် လိုကြောင်း ဖြည့်စွက်မှာကြားသည်။

> ❝ မြို့ရိုးများ၊ မြို့ရိုးဝင်ပေါက်များနှင့် တံတားများကို ပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုများ ပြုလုပ်ရာတွင် ဖြစ်နိုင်ဖွယ်ရာအချက်အလက်များနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျုံးနှင့် တံတားများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် မြို့ရိုးများ၊ နန်းတော်ရာနေရာများကို တစ်ဆင့်ပြီးတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လို ❞

စာမျက်နှာ ၄ သို့ ❖

## အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲဝင်ရန် မြဝတီအမျိုးသမီးအသင်း ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာ

2024–25 AFC Women's Champions League ကို ခြေစစ်ပွဲအဆင့်ကနေ စတင်ယှဉ်ပြိုင်ရမယ့် မြဝတီအမျိုးသမီးအသင်းသည် ယနေ့ နံနက်ပိုင်းမှာ ဆော်ဒီအာရေဗျနိုင်ငံရီယက်မြို့ကို ထွက်ခွာခဲ့ရာမှာ အသင်းစီအီးအို သူရမျိုးတင်နှင့် မြဝတီအမျိုးသားအသင်းအုပ်ချုပ်သူ၊ မြဝတီယူ-၂၀ အသင်းအုပ်ချုပ်သူနှင့် တာဝန်ရှိသူများ၊ ကစားသမားများက လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

အသင်းအနေနဲ့ ရန်ကုန်-ဘန်ကောက်-ဘာရိန်းကနေ တစ်ဆင့် ရီယက်မြို့ကို ထွက်ခွာခဲ့တာဖြစ်ပြီး ဩဂုတ် ၂၄ ရက် နံနက်အစောပိုင်းမှာ ရောက်ရှိမှာဖြစ်ကာ အုပ်ချုပ်/နည်းပြ အဖွဲ့ဝင် ၇ ဦး၊ ကစားသမား ၁၈ ဦး လိုက်ပါသွားခဲ့သည်။

မြဝတီ အမျိုးသမီးအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၆ ရက် မြန်မာစံတော်ချိန် နံနက် ၀၀း၀၀ နာရီ အချိန်မှာ အိမ်ရှင် ဆော်ဒီကလပ် Al nassr အသင်းနဲ့ စတင်ကစားရမှာဖြစ်ပြီး ဩဂုတ် ၂၈ ရက် မြန်မာစံတော်ချိန် ည ၂၀း၀၀ နာရီမှာ ယူအေအီးကလပ် Abu Dhabi Country Club အသင်း၊ ဩဂုတ် ၃၁ ရက် မြန်မာစံတော်ချိန် ည ၁၁း၄၅ နာရီ အချိန်မှာ လာအိုကလပ် Young Elephants အသင်းတို့နှင့် ကစားသွားမည်ဖြစ်သည်။

(NGB)

